မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၅ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် ( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၁ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက် )

**အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေးအစီအမံများ စနစ်တကျပြုလုပ်ထားနိုင်ရေးအတွက်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်လာသည့် အခြေအနေတွင် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ကူညီရေးလုပ်ငန်းများကို လျင်မြန်သွက်လက်စွာနှင့် ထိရောက်စွာဆောင်ရွက်ပေးနိုင်ရေးအတွက်လည်းကောင်း **“အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ”** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၅) | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ပြည်ထောင်စုဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (ဖ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဗ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဗဟိုကော်မတီ၏ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော အဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ အဆင့်ဆင့်သောလုပ်ငန်းများအနက် အရေးကြီးသောလုပ်ငန်းများအား မူဝါဒ ပေးခြင်း၊ ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်တိုးတက်မှုကို ပြန်လည်သုံးသပ်၍ လိုအပ်သလို လမ်းညွှန်ခြင်း။

(ခ) သဘာဝဘေးကြုံတွေ့နေချိန်တွင် ပြည်တွင်းစွမ်းအားစုများကို လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်ရေး ဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း။

(ဂ) ပြည်ပမှအကူအညီလိုအပ်သည်ဟု ဆုံးဖြတ်သောကိစ္စရပ်များအတွက် ပေါင်းစပ်ဆောင်ရွက်ရေး ဆိုင်ရာ အခြေခံမူဝါဒများ ချမှတ်ပေးခြင်း။

(ဃ) နိုင်ငံတော်ဘဏ္ဍာနှင့် နိုင်ငံတော်ပိုင်အရင်းအမြစ်များအား စီမံခန့်ခွဲလျက် လိုအပ်သောနေရာများသို့ ကူညီပေးခြင်း။

(င) သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက် နိုင်စေရေးနှင့် အခက်အခဲအဟန့်အတားမရှိစေရေးအတွက်လည်းကောင်း၊ ကယ်ဆယ်ရေးပစ္စည်း များအား အလွဲသုံးစားမှုမရှိစေရေးအတွက်လည်းကောင်း၊ သဘာဝဘေးကြုံတွေ့နေချိန်နှင့် ကြုံတွေ့ ပြီးချိန်တွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း လိုအပ် ပါက အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်း။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက် )

**အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေးအစီအမံများ စနစ်တကျ ပြုလုပ်ထားနိုင်ရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်လာသည့်အခြေအနေတွင် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာဆောင်ရွက်ပေးနိုင်ရေးနှင့် “အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ” မှ ချမှတ်ပေးသည့် မူဝါဒများနှင့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **“အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ”** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>ဆပ်ကော်မတီများအားလုံး | အဖွဲ့ဝင် |
| (ဆ) | ဝန်ကြီး<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီသည် အောက်ပါ ဆပ်ကော်မတီများကို သင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည် -

(က) သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီ

(ခ) အရေးပေါ်ဆက်သွယ်ရေးဆပ်ကော်မတီ

(ဂ) ရှာဖွေရေးနှင့်ကယ်ဆယ်ရေးဆပ်ကော်မတီ

(ဃ) ပျက်စီးမှုပဏာမသတင်းရရှိရေးနှင့် အရေးပေါ်ထောက်ပံ့ရေးဆပ်ကော်မတီ

(င) ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးဆပ်ကော်မတီ

(စ) ပို့ဆောင်ရေးနှင့်လမ်းကြောင်းရှင်းလင်းရေးဆပ်ကော်မတီ

(ဆ) ဘေးအန္တရာယ်လျော့ပါးရေးနှင့် အရေးပေါ်အခိုအကာထူထောင်ရေးဆပ်ကော်မတီ

(ဇ) ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီ

(ဈ) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆပ်ကော်မတီ

(ည) လုံခြုံရေးဆပ်ကော်မတီ

၃။ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန် များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းများဖြစ်သည့် ဘေးလျော့ပါးရေး လုပ်ဆောင်မှု၊ ကြိုတင်ကာကွယ်မှု၊ ဘေးကျရောက်ချိန် ကယ်ဆယ်ထောက်ပံ့မှု၊ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်မှု အစရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီမှ ချမှတ်ပေးထားသည့် မူဝါဒများ၊

လမ်းညွှန်ချက်များနှင့်အညီ လုပ်ထုံးလုပ်နည်းများ ရေးဆွဲသတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

( ခ ) ကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် ပြည်တွင်းအကူအညီများကို စီမံခန့်ခွဲခြင်းနှင့် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီမှ တာဝန်ပေးအပ်ပါက ပြည်ပအကူအညီများကိုပါ စီမံခန့်ခွဲခြင်း။

( ဂ ) သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လူထုပညာပေးအစီအစဉ်များနှင့် လုပ်ငန်းစဉ်များတွင် ပြည်သူလူထု ပါဝင်လာစေရန် စီမံဆောင်ရွက်ခြင်း။

(ဃ) အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီသို့ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များအား အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း။

( င ) သဘာဝဘေးကြိုတင်ခန့်မှန်းခြင်းစနစ်နှင့် ကြိုတင်သတိပေးမှုစနစ် ထူထောင်ရေး၊ ကြိုတင်သတိပေးစနစ်မှ သတိပေးချက်ရရှိလာချိန်တွင် အချိန်မီ အောက်ခြေအထိ ဆက်လက်အသိပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း။

( စ ) သဘာဝဘေးအရှုံးအစားအရ ပါဝင်ဆောင်ရွက်ပေးရမည့်ဌာနများ၊ အဖွဲ့အစည်းများအား သတ်မှတ်တာဝန်ပေးအပ်ခြင်း။

(ဆ) လုပ်ငန်းစဉ်အလိုက် တာဝန်ယူဆောင်ရွက်မည့်ပုဂ္ဂိုလ်များ၊ ဌာနအဖွဲ့အစည်းများ သတ်မှတ်ပေးခြင်းနှင့် သတင်းပို့စနစ် သတ်မှတ်ပေးခြင်း။

( ဇ ) ဆပ်ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များအား ကြပ်မတ်ခြင်း၊ ဆပ်ကော်မတီများအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

(စျ) စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတိုးတက်မှုအခြေအနေများကို (၄) လ တစ်ကြိမ် ဗဟိုကော်မတီဥက္ကဋ္ဌထံ တင်ပြအစီရင်ခံရန်။

(ည) သဘာဝဘေးကြုံတွေ့ချိန်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း ဆောင်ရွက်မှုများအား ကွပ်ကဲခြင်း။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက် )

**ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့**
**(Yangon City Public Transport Authority) ဖွဲ့စည်းခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူများ နေ့စဉ်အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် **"ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ (Yangon City Public Transport Authority)"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဦးကြည်သိန်း | ဥက္ကဋ္ဌ |
| ( ခ ) | ဦးဝင်းလွင် | အဖွဲ့ဝင် |

(ဂ) ဦးခင်မောင်ဌေး အဖွဲ့ဝင်

(ဃ) ဦးအောင်မြင့် အဖွဲ့ဝင်

(င) ဦးခင်မောင် အဖွဲ့ဝင်

(စ) ဦးစိုးမြင့် အဖွဲ့ဝင်

(ဆ) ဦးဇော်ဝင်းမြင့် အဖွဲ့ဝင်

(ဇ) ဦးထွန်းဦး အဖွဲ့ဝင်

(ဈ) ဦးသက်လွင်ဦး အဖွဲ့ဝင်

(ည) ဦးလှအောင် အတွင်းရေးမှူး

၂။ ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူ နေ့စဉ်သွားလာရေးတွင် အသုံးပြုလျက်ရှိသော ကုန်းလမ်း၊ ရထား၊ ရေယာဉ်နှင့် အခြားပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် စီမံခန့်ခွဲပေးခြင်း။

(ခ) လက်ရှိရင်ဆိုင်နေကြရသော ယာဉ်ကျပ်တည်းမှု၊ ယာဉ်တိုက်ခိုက်မှု၊ ကျန်းမာရေးထိခိုက်စေသော အငွေ့အသက်များ ထုတ်လုပ်မှု စသော သွားလာရေးအခက်အခဲနှင့် အန္တရာယ်များကို ကျော်လွှားဖြေရှင်းရေးအတွက် ကွင်းဆင်းလေ့လာဆန်းစစ်၍ နည်းလမ်းများ ရှာဖွေတင်ပြပေးခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ဂ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများထံမှ မိမိတို့ လုပ်ငန်းတာဝန်နှင့်ပတ်သက်သော နည်းပညာနှင့် အကူအညီများကို နိုင်ငံတော်သမ္မတထံ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ခြင်း။

(ဃ) သွားလာပို့ဆောင်ရေးနှင့်သက်ဆိုင်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာစေလျက် တရားဥပဒေစိုးမိုးရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား အထောက်အကူပေးခြင်း။

(င) လာမည့်ကာလတွင် ဖြစ်ပေါ်လာမည့် လူမှုစီးပွားရေးပုံစံ၊ မြို့ပြဖွံ့ဖြိုးမှုပုံစံများကို မျှော်မှန်း၍ စီမံချက်ရေးဆွဲခြင်း၊ သွားလာပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း။

(စ) အများပြည်သူ သွားလာသယ်ယူပို့ဆောင်ရေးလိုအပ်ချက်များကို ထူထောင်တည်ဆောက်နိုင်ရန်အတွက် လိုအပ်သောဥပဒေများကို အကြံပြုခြင်း၊ စီမံခန့်ခွဲမည့် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ ရန်ပုံငွေရရှိရေးနည်းလမ်းများ ရှာဖွေ၍ ထူထောင်ထားရှိခြင်း။

(ဆ) သွားလာပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းအရပ်ရပ် ချောမွေ့သွက်လက်စေရေးအတွက် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေးစီမံကိန်းများ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဆက်စပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဇ) အာဏာပိုင်အဖွဲ့၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

(ဈ) ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်ထွက်သွားလာသည့် ကုန်းလမ်း သို့မဟုတ် မြို့ပတ်ရထား သို့မဟုတ် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးယာဉ်များအား ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲခြင်း။

(ည) အများပြည်သူဆိုင်ရာယာဉ်ရပ်နားရန်နေရာများ တည်ဆောက်ခြင်း၊ သတ်မှတ်ခြင်း၊ ရပ်နားခြင်း မပြုရန် တားမြစ်သည့်နေရာများ၊ ကန့်သတ်နေရာများ သတ်မှတ်ခြင်း၊ ယာဉ်ရပ်နားခြင်းဆိုင်ရာ စည်းကမ်းများ ထုတ်ပြန်သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း။

(ဋ) နိုင်ငံတော်သမ္မတက အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

(ဌ) အာဏာပိုင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အခါအားလျော်စွာ နိုင်ငံတော်သမ္မတထံ အစီရင်ခံတင်ပြခြင်း။

၃။ ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့သည် -

(က) အထက်ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးရာတွင် နိုင်ငံတော်သမ္မတကို တိုက်ရိုက်တာဝန် ခံပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) တာဝန်နှင့်လုပ်ပိုင်ခွင့်များကို မိမိသဘောအလျောက် ဆောင်ရွက်ပိုင်ခွင့်ရှိပြီး မူဝါဒသဘောပါရှိ သော လုပ်ငန်းများကို နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ရယူပြီးမှ ဆောင်ရွက်ရမည်။

(ဂ) တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ရန်ပုံငွေကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကျခံသုံးစွဲရန်နှင့် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက် နိုင်သည်။

(ဃ) တာဝန်နှင့်လုပ်ပိုင်ခွင့်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လက်ရှိကော်မတီများနှင့် အဖွဲ့အစည်းများကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်းနှင့် လွှဲပြောင်းလက်ခံခြင်းများ ဆောင်ရွက်နိုင်သည်။

၄။ ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့၏ ခံစားခွင့်များမှာ နိုင်ငံတော် သမ္မတက သတ်မှတ်ပေးသည့်အတိုင်းဖြစ်သည်။

၅။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်စွဲပါ စာအမှတ်၊ ၁၁၂ (၁)/၈/သမ္မတရုံး အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်

အား ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှ စ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင်နိုင်တီယမ်းအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၃

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၃ ရက် )

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရား များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးခင်မောင်မော်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး)<br>မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန |
| (၂) | ဦးတိုးအောင်မြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး)<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| (၃) | ဦးလှမော်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| (၄) | ဒေါ်ယဉ်ယဉ်မြ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ်<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၅) | ဦးမင်းထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး)<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၃

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၉ ရက် )

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ (Yangon City Public Transport Authority) ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၃) ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၃

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၃၀ ရက် )

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကျော်ဆန်း | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း<br>သတ္တုတွင်းဝန်ကြီးဌာန |

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (၂) ဦးဌေးအောင် | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၃) သတ္တုတွင်းလုပ်ငန်း<br>သတ္တုတွင်းဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက် )

### ပြည်ထောင်စုအစိုးရအဖွဲ့ နိုင်ငံခြားရေးရာမူဝါဒကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အစိုးရအဖွဲ့ကော်မတီ (Cabinet Committee) များကို ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများနှင့်ဆက်သွယ်ဆောင်ရွက်သည့်ကိစ္စရပ်များကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် **"ပြည်ထောင်စုအစိုးရအဖွဲ့ နိုင်ငံခြားရေးရာမူဝါဒကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၄) | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဆ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ နိုင်ငံခြားရေးရာမူဝါဒကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၁) ပါ ပြဋ္ဌာန်းချက်များဖြစ်သည့် နိုင်ငံတော်မှကျင့်သုံးနေသော နိုင်ငံခြားရေးရာမူဝါဒဆိုင်ရာကိစ္စရပ်များအား နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တာဝန်ခံဆောင်ရွက်ရန်ဖြစ်သည်။

၃။ မူအရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများ ပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတထံ တင်ပြဆောင်ရွက်ရန် ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက် )

**စီးပွားရေးရာကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အစိုးရအဖွဲ့ကော်မတီ (Cabinet Committee) များကို ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ အမျိုးသားစီးပွားရေးကိစ္စရပ်များကို ထိရောက်စွာ ပံ့ပိုးဆောင်ရွက်နိုင်ရေးအတွက် **“စီးပွားရေးရာကော်မတီ”** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) နိုင်ငံတော်သမ္မတ — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ဂ) ပြည်ထောင်စုဝန်ကြီး
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ပြည်ထောင်စုဝန်ကြီး
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ပြည်ထောင်စုဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ပြည်ထောင်စုဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) ပြည်ထောင်စုဝန်ကြီး
စွမ်းအင်ဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) ပြည်ထောင်စုဝန်ကြီး
စက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| (ည) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>သတ္တုတွင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ပြည်ထောင်စုဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ပြည်ထောင်စုစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဒ) | ဒုတိယဝန်ကြီး<br>သမဝါယမဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (န) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၃) | အတွင်းရေးမှူး |
| (ပ) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၅) | တွဲဖက်အတွင်းရေးမှူး |

၂။ စီးပွားရေးရာကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၆) ပါ ပြဋ္ဌာန်းချက်များဖြစ်သည့် နိုင်ငံတော်၏ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တာဝန်ခံဆောင်ရွက်ရန်ဖြစ်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက် )

**ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အစိုးရအဖွဲ့ကော်မတီ (Cabinet Committee) များကို ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် **"ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ဏ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(တ) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
ပညာရေးဝန်ကြီးဌာန

(ထ) ပြည်ထောင်စုဝန်ကြီး — တွဲဖက်အတွင်းရေးမှူး (၁)
ကျန်းမာရေးဝန်ကြီးဌာန

(ဒ) ပြည်ထောင်စုဝန်ကြီး — တွဲဖက်အတွင်းရေးမှူး (၂)
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၂။ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ (က)၊ (ဂ)၊ (ဃ) နှင့် ပုဒ်မ ၃၃ တို့ပါ ပြဋ္ဌာန်းချက်များဖြစ်သည့် ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တာဝန်ခံဆောင်ရွက်ရန်ဖြစ်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက် )

### တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အစိုးရအဖွဲ့ကော်မတီ (Cabinet Committee) များကို ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားရေးရာနှင့် ပြည်သူတို့၏အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် **"တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
သမ္မတရုံးဝန်ကြီးဌာန (၆)

(ခ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
သာသနာရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ထ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၃၁ တို့ပါ ပြဋ္ဌာန်းချက်များဖြစ်သည့် တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ပြည်သူတို့၏ အကျိုးစီးပွားနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ထိရောက်စွာ ပံ့ပိုးဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တာဝန်ခံဆောင်ရွက်ရန်ဖြစ်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၆ ရက် )

## ပြည်ထောင်စုလွှတ်တော်၊ အလုပ်သမား၊ အလုပ်ရှင် အခွင့်အရေးလေ့လာရေးပူးပေါင်းကော်မရှင်

**ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုလွှတ်တော်နာယကသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၁၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၊ နည်းဥပဒေခွဲ (ဖ) အရ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အလုပ်သမားအခွင့်အရေး၊ လုပ်ခလစာ၊ အချိန်ပိုကြေးနှင့် ရက်မှန်ကြေးပေးခြင်း၊ ဖြုတ်တောက်ခြင်း၊ အချိန်ပိုစေခိုင်းခြင်း၊ အလုပ်ပိတ်ရက်၊ အလုပ်ရှင် အလုပ်သမားအငြင်းပွားမှု၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ လူမှုဖူလုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု စသည့် အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်တင်ပြနိုင်ရန် **ပြည်ထောင်စုလွှတ်တော်၊ အလုပ်သမား၊ အလုပ်ရှင် အခွင့်အရေးလေ့လာရေးပူးပေါင်းကော်မရှင်**ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးတင်ထွတ် | ဥက္ကဋ္ဌ<br>တောင်သူလယ်သမား အလုပ်သမားနှင့်<br>လူငယ်ရေးရာကော်မတီ<br>ပြည်သူ့လွှတ်တော် | အကြံပေးပုဂ္ဂိုလ် |
| (ခ) | ဦးမြညိမ်း | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော်<br>ဒုတိယဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော် | ဥက္ကဋ္ဌ |
| (ဂ) | ဒေါက်တာမြင့်ကြည် | ဥက္ကဋ္ဌ<br>ပြည်တွင်းပြည်ပအလုပ်သမားများဆိုင်ရာ<br>ကော်မတီ<br>အမျိုးသားလွှတ်တော် | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဦးအောင်သိန်းလင်း | ဥက္ကဋ္ဌ<br>ပြုပြင်ပြောင်းလဲရေးနှင့်<br>ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (င) | ဒေါ်ခင်ဝိုင်းကြည် | ဥက္ကဋ္ဌ<br>အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ<br>အဖွဲ့အစည်းများဆိုင်ရာကော်မတီ<br>အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |
| (စ) | ဦးစိုးဟန်လင်း | အဖွဲ့ဝင်<br>ပြည်တွင်းပြည်ပအလုပ်သမားများဆိုင်ရာ<br>ကော်မတီ<br>အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဆ) | ဦးဖုန်းမြင့်အောင် | အဖွဲ့ဝင်<br>ပြည်တွင်းပြည်ပအလုပ်သမားများဆိုင်ရာကော်မတီ<br>အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |
| (ဇ) | ဦးဆွေအောင် | အဖွဲ့ဝင်<br>ပြည်တွင်းပြည်ပအလုပ်သမားများဆိုင်ရာကော်မတီ<br>အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |
| (ဈ) | ဦးခင်မောင် (ခ)<br>ဦးအောင်ကျော်ဦး | အဖွဲ့ဝင်<br>နိုင်ငံတကာဆက်ဆံရေးကော်မတီ<br>အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |
| (ည) | ဒေါက်တာမြတ်ဉာဏစိုး | အဖွဲ့ဝင်<br>ဥပဒေကြမ်းကော်မတီ<br>အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |
| (ဋ) | ဦးနေဝင်း | အဖွဲ့ဝင်<br>ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ<br>လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (ဌ) | ဦးမြင့်ဆွေ | အဖွဲ့ဝင်<br>ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ<br>လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (ဍ) | ဦးဝင်းသိမ်း | အဖွဲ့ဝင်<br>ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ<br>လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (ဎ) | ဦးထင်ဇော် | အဖွဲ့ဝင်<br>ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ<br>လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (ဏ) | ဦးကျော်စိန် | အဖွဲ့ဝင်<br>ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ<br>လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (တ) | ဦးအောင်မြင့် | အဖွဲ့ဝင်<br>ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ<br>လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ထ) | ဒေါက်တာတင်မေထွန်း | အဖွဲ့ဝင်<br>ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ<br>လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (ဒ) | ဒေါက်တာသီတာဦး | အဖွဲ့ဝင်<br>ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ<br>လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (ဓ) | ဦးကျော်စိန် | အဖွဲ့ဝင်<br>ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်<br>အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |
| (န) | ဦးစန်းလွင် | အဖွဲ့ဝင်<br>ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်<br>အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |
| (ပ) | ဦးကြည်ရှိန် | အဖွဲ့ဝင်<br>ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်<br>အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |
| (ဖ) | ဒေါ်ခင်သွယ်သွယ်မြင့် | အဖွဲ့ဝင်<br>ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်<br>အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |
| (ဗ) | ဦးသက်နိုင်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>အကြံပေး<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်<br>လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ဦးဝင်းမြင့် | ရုံးအဖွဲ့မှူး (ငြိမ်း)<br>အကြံပေး<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်<br>လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (မ) | ဦးခိုင်မောင်ရည် | အဖွဲ့ဝင်<br>အားကစား၊ ယဉ်ကျေးမှုနှင့်<br>ပြည်သူ့ဆက်ဆံရေး<br>ဖွံ့ဖြိုးတိုးတက်မှုကော်မတီ<br>ပြည်သူ့လွှတ်တော် | အတွင်းရေးမှူး |
| (ယ) | ဦးမြင့်သိန်း | အတွင်းရေးမှူး<br>ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်<br>အမျိုးသားလွှတ်တော်<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>လွှတ်တော်ရုံး | တွဲဖက်အတွင်းရေးမှူး |

**လုပ်ငန်းတာဝန်များ**

၂။ ပူးပေါင်းကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စက်ရုံအလုပ်ရုံများ၏ အလုပ်သမားအခွင့်အရေး၊ လုပ်ခလစာအချိန်ပိုကြေးနှင့် ရက်မှန်ကြေးပေးခြင်း၊ ဖြုတ်တောက်ခြင်း၊ အချိန်ပိုစေခိုင်းခြင်း၊ အလုပ်ပိတ်ရက်၊ အလုပ်ရှင် အလုပ်သမားအငြင်းပွားမှု၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ လူမှုဖူလုံရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှု အစရှိသည်များကို လေ့လာသုံးသပ်၍ လေ့လာတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များ ပါဝင်သော အစီရင်ခံစာ ပြုစုခြင်း။

(ခ) အလုပ်သမားရေးရာကိစ္စများကို အချိန်တိုအတွင်း လေ့လာနိုင်ရန် လေ့လာရေးအဖွဲ့များကို ကော်မရှင်အဖွဲ့ဝင်များနှင့် ဖွဲ့စည်းဆောင်ရွက်ခြင်း။

(ဂ) လိုအပ်ပါက အလုပ်သမားရေးရာအတိုင်ပင်ခံအဖွဲ့ကို သင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်း။

(ဃ) ကော်မရှင်က သိရှိလိုသည့် အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် မေးခွန်းများကို လေ့လာရေးအဖွဲ့များက စက်ရုံအလုပ်ရုံရှိ အလုပ်သမား၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်း၊ သက်ဆိုင်ရာဌာနအသီးသီးသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အကူအညီဖြင့် ကြိုတင်ပေးပို့ခြင်း။

(င) သက်ဆိုင်ရာတာဝန်ရှိသူထံမှ ဖြေကြားချက်များအပေါ် လေ့လာရေးအဖွဲ့က လေ့လာသုံးသပ်ပြီး အဖွဲ့လိုက်ခေါ်ယူမေးမြန်းကြားနာခြင်း၊ လိုအပ်ပါက ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများကိုပါ ခေါ်ယူ၍ ဖြေကြားချက်များကို ကြားနာခြင်း။

(စ) စက်ရုံအလုပ်ရုံအလိုက် ခေါ်ယူကြားနာပြီးပါက လေ့လာရေးအဖွဲ့သည် သက်ဆိုင်ရာစက်ရုံအလုပ်ရုံများသို့ ကွင်းဆင်းလေ့လာစုံစမ်းခြင်း။

(ဆ) လေ့လာရေးအဖွဲ့များက တင်ပြသော တွေ့ရှိချက်များနှင့် သုံးသပ်ချက်များကို စုပေါင်း၍ ကောက်ချက်ချခြင်း၊ သုံးသပ်ခြင်းနှင့် အကြံပြုချက်များ ပြုစုရန်အတွက် အစည်းအဝေးများ ကျင်းပခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမှတာဝန်ရှိသူများကို ဖိတ်ကြား၍ တက်ရောက်စေခြင်း။

**အစီရင်ခံစာတင်သွင်းခြင်း**

၃။ ကော်မရှင်သည် အလုပ်သမားရေးရာကိစ္စနှင့်စပ်လျဉ်းသည့် လေ့လာတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များ ပါဝင်သော အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ နောက်ဆုံးထားတင်ပြရမည်။

**ကော်မရှင်၏သက်တမ်း**

၄။ ကော်မရှင်၏သက်တမ်းသည် အလုပ်သမားရေးရာကိစ္စအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်တွင် အစီရင်ခံစာ တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ဆောင်ရွက်ပြီးသည်အထိဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက် )

**လုပ်ပိုင်ခွင့်အပ်နှင်းခြင်း**

အမှတ် ၄ ။ ။ ၂၀၁၃ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ဇယား (၁/၂) တို့အရ လွှတ်တော်၏ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယကသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အား လွှဲအပ်ဆောင်ရွက်စေလိုက်သည်။

(ပုံ) ခင်အောင်မြင့်

နာယက

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်**

**ကြေညာချက်အမှတ် (၂/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃ ရက် )

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်**

**သတ္တမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်) တနင်္လာနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်

နာယက

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**ကြေညာချက်အမှတ် (၁/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃ ရက် )

**ပထမအကြိမ် ပြည်သူ့လွှတ်တော်**
**သတ္တမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ တို့အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက် (၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ ရက်) အင်္ဂါနေ့ နံနက် ၁၀း၀၀ နာရီ အချိန်တွင် ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၃**

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁ ရက် )

**ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်တွင် အဖွဲ့ဝင် တိုးချဲ့ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်သည် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၂၊ ဥပဒေပုဒ်မ ၃၃ နှင့် ယင်းနည်းဥပဒေများ ၈၁၊ ၈၂ တို့အရ ဖွဲ့စည်းထားသော အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့်ဥပဒေရေးရာ ကော်မရှင်တွင် အောက်ပါပုဂ္ဂိုလ်အား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| ဒေါက်တာမြင့်သိန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>သမိုင်းသုတေသနဦးစီးဌာန<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**ကြေညာချက်အမှတ် (၁/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃ ရက် )

**ပထမအကြိမ် အမျိုးသားလွှတ်တော်**

**သတ္တမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက် (၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ ရက်) အင်္ဂါနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက် )

**ဦးစီးအရာရှိရာထူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၃၄/၁၄၃-ဝန်ထမ်းသစ်/အဖရ (၂၀၁၃) ဖြင့် ခွင့်ပြုချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး လက်အောက်ခံ ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူး (၂) နေရာ၌ အောက်ဖော်ပြပါ တပ်မတော်အငြိမ်းစားအရာရှိ (၂) ဦးအား တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည် -

| **စဉ်** | **ပြန်တမ်းဝင်အမှတ်** | **အဆင့်** | **အမည်** |
|---|---|---|---|
| (က) | ကြည်း ၄၄၈၅၅ | ဗိုလ်ကြီး | ခွန်မြတ်ဆန်းထွန်း (ငြိမ်း) |
| (ခ) | ကြည်း ၄၅၁၀၃ | ဗိုလ်ကြီး | ကျော်ကျော်မြင့် (ငြိမ်း) |

၂။ အထက်ဖော်ပြပါ ဦးစီးအရာရှိ (၂) ဦးအား လုပ်ငန်းလိုအပ်ချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် တွဲဖက်ထားလိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ (၅/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၆ ရက် )

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ ကံပေးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၂၂၃/လျှော်ဖြူတောင်၊ ၂၂၂၄-A/လျှော်ဖြူအရှေ့)၊ မြေကွက်အမှတ် (၁၈၄၊ ၈၈၊ ၂၂၂၊ ၁၈၆၊ ၄၀၉)၊ ဧရိယာ **(၃. ၂၆) ဧက**အား မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၃ အရ မြန်မာစီးပွားရေးကော်ပိုရေးရှင်း **"သကြားစက်ရုံ (ကံလှ)"** မြေအဖြစ် အသုံးပြုရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးလိုက်သည်။

လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး မြန်မာစီးပွားရေးကော်ပိုရေးရှင်း **"သကြားစက်ရုံ (ကံလှ)"** မြေအဖြစ် အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။

**အမိန့်ကြော်ငြာစာ (၄/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ (၆) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂)၊ မြေကွက်အမှတ် (၅၃/၅၄) ရှိ **ညောင်ကန်အေး သာသနာ့ရိပ်သာကျောင်း** အခွန်လွတ်သာသနာ့မြေဧရိယာ (၀. ၁၂၂) ဧကအနက်မှ **(၀. ၀၅၆) ဧက**ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ - ၅၂ နှင့်အညီ သိမ်ဒါယကာ ဦးဉာဏ်ဟိန်း [၁၂/အစန (နိုင်) ၀၇၉၁၈၄] အား ဗဒ္ဓသိမ်မြေဂရန်ထုတ်ပေးခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၉၈/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၇ ရက် )

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနမှ ရဲ ၁၉၄၃ ယာယီရဲမှူးကြီးမြင့်ဦးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ မေလ ၄ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့်တွင် အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၉၉/၂၀၁၃)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကရင်ပြည်နယ်၊ မြဝတီမူးယစ် (အထူး) အဖွဲ့မှ ရဲ ၂၅၀၆ ဒုတိယရဲမှူးသန်းထူးအား ၂၀၁၃ ခုနှစ်၊ မေလ ၇ ရက်နေ့မှစ၍ တစ်ဆင့်နိမ့်ရာထူးဖြစ်သော ရဲအုပ် လစာနှုန်း (၇၉,၀၀၀-

၁,၀၀ဝိ-၈၄,၀၀ဝိ) ရာထူးအဆင့်သို့ လျှော့ချပြီး အမှတ် (၁၃) ရဲတပ်ရင်းသို့ ပြောင်းရွှေ့တာဝန်ချထား လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀၀/၂၀၁၃)**

အကျဉ်းဦးစီးဌာနမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး (၆) ဦးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့်တွင် အတည်ပြု ခန့်ထားလိုက်သည် -

(က) က ၃၉၃၅ ကျင်ဌေး — လက်ထောက်ညွှန်ကြားရေးမှူး — စီမံကိန်းလုပ်ငန်းဌာန

(ခ) က ၂၇၉၅ ခင်မောင်ဝင်း — လက်ထောက်ညွှန်ကြားရေးမှူး — မြောင်းမြအကျဉ်းထောင်

(ဂ) က ၃၂၂၆ ဇော်ဇော် — လက်ထောက်ညွှန်ကြားရေးမှူး — ကင်းသား (၁) ကျောက်ထုတ်စခန်း

(ဃ) က ၃၀၅၈ စောထွဋ် — လက်ထောက်ညွှန်ကြားရေးမှူး — တောင်စွန်းကျောက်ထုတ်စခန်း

(င) က ၃၂၂၅ မင်းထွန်းစိုး — လက်ထောက်ညွှန်ကြားရေးမှူး — ဇင်းကျိုက်ကျောက်ထုတ်စခန်း

(စ) က ၂၈၃၂ လှမြင့် — လက်ထောက်ညွှန်ကြားရေးမှူး — ရွှေဘိုအကျဉ်းထောင်

**အမိန့်ကြော်ငြာစာအမှတ် ၃၉၄/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၂၄ (၁)၊ မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေ ၄ (၃) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ နေပြည်တော်စည်ပင်သာယာနယ်နိမိတ်အတွင်း အောက်ဖော်ပြပါ ယစ်မျိုးလိုင်စင်များကို ယှဉ်တွဲဖော်ပြပါနှုန်းထားများအတိုင်း ကောက်ခံရန် ပြင်ဆင်သတ်မှတ် လိုက်သည် -

**ပြင်ဆင်သတ်မှတ်သည့် ယစ်မျိုးလိုင်စင်ခွန်နှုန်းထားများ**

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်မည့် နှုန်းထား (ကျပ်) |
|---|---|---|---|---|
| ၁ | CFL-2A | ထန်းရည်၊ ခနိရည်မှအပ အခြားလျှော်စာရည်များကို စားသောက်ဆိုင် (သို့မဟုတ်) နားနေခန်းဥပစာ အတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီ ရောင်းချခွင့်လိုင်စင် | ၅,၀၀၀ | ၁၀၀,၀၀၀ |

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်မည့်နှုန်းထား (ကျပ်) |
|---|---|---|---|---|
| ၂ | CS-2A | အရက်ချက်လိုင်စင်ရ ဖိုထွက်အရက် စက်ရုံထွက်အရက် (အရက်ဖြူ) ကို စားသောက်ဆိုင် (သို့မဟုတ်) နားနေခန်းဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁၀၀,၀၀၀ | ၂၀၀,၀၀၀ |
| ၃ | FL-6 | မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံများမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို လက်ကားရောင်းချခွင့်လိုင်စင် | ၁,၂၀၀,၀၀၀ | ၂,၅၀၀,၀၀၀ |
| ၄ | FL-8 | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သော ဘီယာများကို လက်ကားရောင်းချခွင့်လိုင်စင် | ၁,၀၀၀,၀၀၀ | ၁၀,၀၀၀,၀၀၀ |
| ၅ | FL-9 | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သော ဘီယာများကိုဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်းသောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | ၅၀၀,၀၀၀ | ၁,၂၀၀,၀၀၀ |
| ၆ | FL-11 | နိုင်ငံခြားအရက်များ (Foreign Spirit) ကို လက်ကားရောင်းချခွင့်လိုင်စင် | ၁,၀၀၀,၀၀၀ | ၃,၀၀၀,၀၀၀ |
| ၇ | FL-12 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ကုန်စုံဆိုင်တွင် လက်လီလက်ကားရောင်းချခွင့်ရှိပြီး ဆိုင်ဥပစာအတွင်း သောက်သုံးခွင့်မရှိသည့်လိုင်စင် | ၅၀၀,၀၀၀ | ၁,၅၀၀,၀၀၀ |
| ၈ | FL-15 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းဥပစာအတွင်း တည်းခိုသူများနှင့် ခရီးသွားသူများ သောက်သုံးရန် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းပိုင်ရှင် (သို့မဟုတ်) မန်နေဂျာက ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁,၂၀၀,၀၀၀ | ၃,၀၀၀,၀၀၀ |
| ၉ | FL-17 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ်နှင့်နားနေခန်း၊ ဘူတာ၊ လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားစားသောက်တွဲနှင့် စားသောက်ဆိုင်ဥပစာတွင် သောက်သုံးရန် ဟိုတယ်ပိုင်ရှင် (သို့မဟုတ်) မန်နေဂျာက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁,၂၀၀,၀၀၀ | ၂,၄၀၀,၀၀၀ |
| ၁၀ | D-1 | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင် | ထုတ်လုပ်မှုဂါလန် (၁) နေ့ (၅၀-၅၀၀) = ၁,၂၀၀,၀၀၀ (၅၀၀-၁၀၀၀) =၂,၄၀၀,၀၀၀ (၁၀၀၀အထက်) =၃,၆၀၀,၀၀၀ | ထုတ်လုပ်မှုဂါလန် (၁) နေ့ (၅၀-၅၀၀) =၅,၀၀၀,၀၀၀ (၅၀၀-၁၀၀၀) =၁၀,၀၀၀,၀၀၀ (၁၀၀၀အထက်) =၁၅,၀၀၀,၀၀၀ |

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်မည့်နှုန်းထား (ကျပ်) |
|---|---|---|---|---|
| ၁၁ | D-1A | ပြည်တွင်းဖြစ်နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ထုတ်လုပ်ရန်၊ ပေါင်းစပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန်၊ ပုလင်းသွတ်ရန်၊ အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်လိုင်စင်ရ ရောင်းချသူများကိုသာ လက်ကားရောင်းချခွင့်လိုင်စင် | ၁,၂၀၀,၀၀၀ | ၅,၀၀၀,၀၀၀ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၂/၂၀၁၃)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲ ၂၀၀၀ ယာယီဒုတိယရဲမှူးကြီး လေးစိုးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့်တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၃/၂၀၁၃)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (ဦးစီးဌာန) တွင် တွဲဖက်ထားသော စည်ပင်သာယာရဲတပ်ဖွဲ့ (နေပြည်တော်) မှ ဒုတိယဌာနမှူး ရဲ ၁၆၄၃ ရဲမှူးကြီးကျော်ခိုင်ဦးအား ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်နေ့မှစ၍ အကျဉ်းဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ချထားပြီး ညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူး၌ ခန့်အပ်တာဝန်ပေးအပ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၅/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက် )

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး/ခရိုင်အုပ်ချုပ်ရေးမှူး (၈) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့်တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) (ပ/၃၁၂၃) ဦးခင်ဝင်း
ခရိုင်အုပ်ချုပ်ရေးမှူး
ကျိုင်းတုံခရိုင်

(ခ) (ပ/၃၃၃၉) ဦးမြင့်လှိုင်
ခရိုင်အုပ်ချုပ်ရေးမှူး
မိုးညှင်းခရိုင်

(ဂ) (ပ/၄၉၃၉) ဦးကျော်သက်
ခရိုင်အုပ်ချုပ်ရေးမှူး
တောင်ငူခရိုင်

(ဃ) (ပ/၄၉၆၆) ဦးသိန်းဇော်ဦး
ဒုတိယညွှန်ကြားရေးမှူး
ရုံးချုပ်

(င) (ပ/၅၀၀၂) ဦးမိုးဇော်စိုး
ဒုတိယညွှန်ကြားရေးမှူး
ရုံးချုပ်

(စ) (ပ/၅၀၀၃) ဦးလွင်ကိုဦး
ခရိုင်အုပ်ချုပ်ရေးမှူး
မြိတ်ခရိုင်

(ဆ) (ပ/၅၀၀၇) ဦးကျော်အုံ့မောင်
ခရိုင်အုပ်ချုပ်ရေးမှူး
မင်းတပ်ခရိုင်

(ဇ) (ပ/၅၀၃၆) ဦးကျော်ဆွေ
ခရိုင်အုပ်ချုပ်ရေးမှူး
ထားဝယ်ခရိုင်

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၄၀၆/၂၀၁၃)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး/ခရိုင်အုပ်ချုပ်ရေးမှူး (၇) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့်တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) (ပ/၅၀၃၈) ဦးကျော်ကျော်ထွန်း
ခရိုင်အုပ်ချုပ်ရေးမှူး
ရမည်းသင်းခရိုင်

(ခ) (ပ/၅၀၃၉) ဦးရန်လင်းအောင်
ခရိုင်အုပ်ချုပ်ရေးမှူး
ကျောက်ဖြူခရိုင်

(ဂ) (ပ/၅၀၄၂) ဦးတင့်ဝေသုံ
ခရိုင်အုပ်ချုပ်ရေးမှူး
မြဝတီခရိုင်

(ဃ) (ပ/၅၃၇၃) ဦးလှိုင်ထွန်း
ခရိုင်အုပ်ချုပ်ရေးမှူး
ပူတာအိုခရိုင်

(င) (ပ/၅၃၇၀) ဦးကျော်စိုးဝင်း
ခရိုင်အုပ်ချုပ်ရေးမှူး
ဖျာပုံခရိုင်

(စ) (ပ/၅၃၆၈) ဦးစိန်မြင့်
ဒုတိယညွှန်ကြားရေးမှူး
ရုံးချုပ်

(ဆ) (ပ/၅၃၇၂) ဦးထွန်းဝေ
ခရိုင်အုပ်ချုပ်ရေးမှူး
သံတွဲခရိုင်

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၇/၂၀၁၃)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး/ခရိုင်အုပ်ချုပ်ရေးမှူး (၇) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့်တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) (ပ/၅၃၇၅) ဦးမြင့်နိုင်
ခရိုင်အုပ်ချုပ်ရေးမှူး
ရွှေဘိုခရိုင်

(ခ) (ပ/၅၃၆၇) ဦးအုန်းသန်း
ခရိုင်အုပ်ချုပ်ရေးမှူး
ကျောက်ဆည်ခရိုင်

(ဂ) (ပ/၅၃၇၄) ဦးသောင်းတင်ထွေး
ခရိုင်အုပ်ချုပ်ရေးမှူး
တာချီလိတ်ခရိုင်

(ဃ) (ပ/၅၃၇၁) ဦးတင်ဝင်းရွှေ
ခရိုင်အုပ်ချုပ်ရေးမှူး
ဘောလခဲခရိုင်

(င) (ပ/၃၀၃၂) ဦးစိုးလင်း
ဒုတိယညွှန်ကြားရေးမှူး
မွန်ပြည်နယ်

(စ) (ပ/၃၇၆၀) ဦးစိုးနိုင်
ခရိုင်အုပ်ချုပ်ရေးမှူး
ကျောက်မဲခရိုင်

(ဆ) (ပ/၃၁၅၇) ဦးခင်မောင်ကြည်
ဒုတိယညွှန်ကြားရေးမှူး
ချင်းပြည်နယ်

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၈/၂၀၁၃)

ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်သက်ထူး (ပ/၅၅၃၆) အား ၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှစ၍ လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဦးစီးအရာရှိအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀၉/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက် )

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များအားလုံး၏ တာဝန်ချိန် ဝတ်စုံလက်မောင်းတံဆိပ်အထက်တွင် Myanmar Police စာတန်းတံဆိပ်အား ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ (စနေနေ့) မှစ၍ တစ်ပြေးညီ သတ်မှတ်ဝတ်ဆင်ခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၁၀/၂၀၁၃)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁၆) ရဲတပ်ရင်းမှ တပ်ရင်းမှူး ရဲ ၁၇၈၈ ယာယီဒုတိယရဲမှူးကြီးတင်မိုး အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှစ၍ လက်ရှိရာထူး အဆင့်တွင် အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၁၁/၂၀၁၃)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့မှ ရဲ ၃၇၇၃ ရဲမှူးအုပ်စိုးထွန်းအား ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့မှစ၍ လေကြောင်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်) သို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၁၂/၂၀၁၃)**

နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးမောင်မောင်ဆန်း (ပ/၅၆၄၆) အား ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့မှစ၍ ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားပြီး လက်ရှိနေရာ၌ပင် အုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) အဖြစ် တာဝန်ချထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက် )

အမှတ် ၁၄၉/၂၀၁၃ ။ ။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၀၀ (၅)/၇/သမ္မတရုံးအရ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်သန်းအား ပေကျင်းမြို့၊ မြန်မာသံရုံးတွင် စီးပွားရေးသံမှူး (Economic Attaché) အဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် တွဲဖက်ထားလိုက်သည်။

စီးပွားရေးသံမှူး ဦးအောင်ကျော်သန်းအား ပေကျင်းမြို့၊ မြန်မာသံရုံးတွင် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ သံမှူးများအတွက် သတ်မှတ်ထားသည့်လစာနှင့် နိုင်ငံခြားစရိတ်များအတိုင်း ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၅၀/၂၀၁၃ ။ ။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၀၀ (၅)/၇/သမ္မတရုံးအရ စွမ်းအင်ဝန်ကြီးဌာနမှ အမှုဆောင်သုတေသနအရာရှိ ဦးဇော်ညွှန့်အား နယူးဒေလီမြို့၊ မြန်မာသံရုံးတွင် စီးပွားရေးသံမှူး (Economic Attaché) အဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် တွဲဖက်ထားလိုက်သည်။

စီးပွားရေးသံမှူး ဦးဇော်ညွှန့်အား နယူးဒေလီမြို့၊ မြန်မာသံရုံးတွင် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ သံမှူးများအတွက် သတ်မှတ်ထားသည့်လစာနှင့် နိုင်ငံခြားစရိတ်များအတိုင်း ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၅၁/၂၀၁၃ ။ ။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၀၀ (၅)/၇/သမ္မတရုံးအရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေအေးလွင်အား စင်ကာပူမြို့၊ မြန်မာသံရုံးတွင် စီးပွားရေးသံမှူး (Economic Attaché) အဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် တွဲဖက်ထားလိုက်သည်။

စီးပွားရေးသံမှူး ဦးနေအေးလွင်အား စင်ကာပူမြို့၊ မြန်မာသံရုံးတွင် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ သံမှူးများအတွက် သတ်မှတ်ထားသည့်လစာနှင့် နိုင်ငံခြားစရိတ်များအတိုင်း ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၅၂/၂၀၁၃ ။ ။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၀၀ (၅)/၇/သမ္မတရုံးအရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီမွန်အား ဗန်ကောက်မြို့၊ မြန်မာသံရုံးတွင် စီးပွားရေးသံမှူး (Economic Attaché) အဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် တွဲဖက်ထားလိုက်သည်။

စီးပွားရေးသံမှူး ဒေါ်ရီရီမွန်အား ဗန်ကောက်မြို့၊ မြန်မာသံရုံးတွင် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ သံမှူးများအတွက် သတ်မှတ်ထားသည့်လစာနှင့် နိုင်ငံခြားစရိတ်များအတိုင်း ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၅၃/၂၀၁၃ ။ ။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၀၀ (၅)/၇/သမ္မတရုံးအရ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်အား ဆိုးလ်မြို့၊ မြန်မာသံရုံးတွင် စီးပွားရေးသံမှူး (Economic Attaché) အဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် တွဲဖက်ထားလိုက်သည်။

စီးပွားရေးသံမှူး ဦးသန့်ဇင်အား ဆိုးလ်မြို့၊ မြန်မာသံရုံးတွင် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ သံမှူးများအတွက် သတ်မှတ်ထားသည့်လစာနှင့် နိုင်ငံခြားစရိတ်များအတိုင်း ခံစားခွင့်ပြုလိုက်သည်။

ဒုတိယဝန်ကြီး (ကိုယ်စား)၊
ဝင်းလှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၄ ရက် )

အမှတ် ၁၇၇/၂၀၁၃ ။ ။ ဂျီနီဗာမြို့၊ ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ ပထမအတွင်းဝန် ဒေါ်စုလေးညိုအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၇၈/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာနမှ ဌာနစုမှူး (၁) ဦးသူရိန်စောထွတ်နိုင်အား ဂျီနီဗာမြို့၊ ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးသို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၄ ရက် )

အမှတ် ၁၈၁/၂၀၁၃ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၃ ကို ရည်ညွှန်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မော်မော်သည် လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ လက်ခံဆောင်ရွက်သည်။

ဝဏ္ဏမောင်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၄ ရက် )

အမှတ် ၁၈၃/၂၀၁၃ ။ ။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၀၀ (၅)/၇/သမ္မတရုံးအရ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေလတ်အား ဟောင်ကောင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတွင် စီးပွားရေးသံမှူး (Economic Attaché) အဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် တွဲဖက်ထားလိုက်သည်။

စီးပွားရေးသံမှူး ဒေါ်ခင်ဆွေလတ်အား ဟောင်ကောင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတွင် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ သံမှူးများအတွက် သတ်မှတ်ထားသည့်လစာနှင့် နိုင်ငံခြားစရိတ်များအတိုင်း ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၈၄/၂၀၁၃ ။ ။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၀၀ (၅)/၇/သမ္မတရုံးအရ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်ဦးအား တိုကျိုမြို့ မြန်မာသံရုံးတွင် စီးပွားရေးသံမှူး (Economic Attaché) အဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် တွဲဖက်ထားလိုက်သည်။

စီးပွားရေးသံမှူး ဦးမင်းဇော်ဦးအား တိုကျိုမြို့ မြန်မာသံရုံးတွင် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ သံမှူးများအတွက် သတ်မှတ်ထားသည့်လစာနှင့် နိုင်ငံခြားစရိတ်များအတိုင်း ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၈၅/၂၀၁၃ ။ ။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၀၀ (၅)/၇/သမ္မတရုံးအရ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာလွင်အား ဝါရှင်တန်မြို့၊ မြန်မာသံရုံးတွင် စီးပွားရေးသံမှူး (Economic Attaché) အဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် တွဲဖက်ထားလိုက်သည်။

စီးပွားရေးသံမှူး ဒေါ်အေးစန္ဒာလွင်အား ဝါရှင်တန်မြို့၊ မြန်မာသံရုံးတွင် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ သံမှူးများအတွက် သတ်မှတ်ထားသည့်လစာနှင့် နိုင်ငံခြားစရိတ်များအတိုင်း ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၈၆/၂၀၁၃ ။ ။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၀၀ (၅)/၇/သမ္မတရုံးအရ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူနှင်းဝတ်ရည်အား ဘရပ်ဆဲလ်မြို့၊ မြန်မာသံရုံးတွင် စီးပွားရေးသံမှူး (Economic Attaché) အဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် တွဲဖက်ထားလိုက်သည်။

စီးပွားရေးသံမှူး ဒေါ်ဖြူနှင်းဝတ်ရည်အား ဘရပ်ဆဲလ်မြို့ မြန်မာသံရုံးတွင် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ သံမှူးများအတွက် သတ်မှတ်ထားသည့်လစာနှင့် နိုင်ငံခြားစရိတ်များအတိုင်း ခံစားခွင့်ပြုလိုက်သည်။

ဒုတိယဝန်ကြီး (ကိုယ်စား)၊
ဝင်းလှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၈ ရက် )

အမှတ် ၁၉၁/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်းအား ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက် )

အမှတ် ၁၉၉/၂၀၁၃ ။ ။ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးပေါ်လွင်စိန်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် လူဇင်ဘတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက် )

အမှတ် ၂၀၄/၂၀၁၃ ။ ။ ဗန်ကောက်မြို့ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးအောင်ကျော်လင်းအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၂၀၅/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ဌာနစုမှူး (၂) ဦးထွန်းထွန်းအောင်အား မြန်မာသံရုံး၊ ဗန်ကောက်မြို့သို့ တတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဝဏ္ဏမောင်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက် )

အမှတ် ၁၆ ။ ။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဤဝန်ကြီးဌာန၊ အရာထမ်းများအား ရာထူးနေရာချထားရေးအစည်းအဝေး (၁/၂၀၁၃) ၏ သဘောတူညီချက်အရ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် သာသနာရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လာသော ကြည်း - ၃၁၂၂၄ ဗိုလ်ကြီးဇော်မင်းနိုင်အား ဤဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ မူဝါဒ/ကွန်ပျူတာနှင့် မှတ်တမ်း ဌာနခွဲတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တစ်နှစ်အစမ်းခန့်ထားပြီး နယ်ဘက်ရာထူးလစာကို စတင်ခံစားသည့်နေ့ရက်မှစ၍ ခန့်ထားလိုက်သည်။

**ဝန်ကြီးရုံး**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၆ ရက် )

အမှတ် ၁၇ ။ ။ သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ အရာထမ်း ၄ ဦးတို့အား ၎င်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြပါ ရုံး/ဌာနအသီးသီးတို့သို့ အလုပ်တာဝန်ဝတ္တရားများ လွှဲပြောင်း/လက်ခံသည့် နေ့ရက်မှစ၍ လစာနှုန်းတူ/အဆင့်တူဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည်/ရာထူး | မူလတာဝန်ချထားသည့်ရုံး | ပြောင်းရွှေ့တာဝန်ချထားသည့်ရုံး |
|---|---|---|---|
| (က) | ဦးအောင်ဗလဟိန်း<br>ဦးစီးအရာရှိ | မူဝါဒ/ကွန်ပျူတာနှင့်<br>မှတ်တမ်းဌာနခွဲ၊ ဝန်ကြီးရုံး | မိုင်းယန်းမြို့နယ်သာသနာရေးမှူးရုံး |
| (ခ) | ဦးဇော်ထွန်းဝင်း<br>ဦးစီးအရာရှိ | မိုင်းယန်းမြို့နယ်<br>သာသနာရေးမှူးရုံး<br>(ဝန်ကြီးရုံးတွဲဖက်) | မူဝါဒ/ကွန်ပျူတာနှင့်မှတ်တမ်းဌာနခွဲ၊<br>ဝန်ကြီးရုံး |
| (ဂ) | ဦးတင်မင်းလှိုင်<br>ဦးစီးအရာရှိ | မူဝါဒ/ကွန်ပျူတာနှင့်<br>မှတ်တမ်းဌာနခွဲ၊ ဝန်ကြီးရုံး | ဘုရားသုံးဆူမြို့နယ်သာသနာရေးမှူးရုံး |
| (ဃ) | ဦးထွန်းသိန်း<br>ဦးစီးအရာရှိ | ဘုရားသုံးဆူမြို့နယ်<br>သာသနာရေးမှူးရုံး<br>(ဝန်ကြီးရုံးတွဲဖက်) | မူဝါဒ/ကွန်ပျူတာနှင့်မှတ်တမ်းဌာနခွဲ၊<br>ဝန်ကြီးရုံး |

အမှတ် ၁၈ ။ ။ ဦးစီးအရာရှိ ဦးအောင်ဗလဟိန်းနှင့် ဦးစီးအရာရှိ ဦးတင်မင်းလှိုင်တို့အား လုပ်ငန်းလိုအပ်ချက်အရ မူဝါဒ/ကွန်ပျူတာနှင့်မှတ်တမ်းဌာနခွဲ၊ ဝန်ကြီးရုံးတွင်၊ တွဲဖက်တာဝန်ထမ်းဆောင်စေ လိုက်သည်။

**ဝန်ကြီးရုံး**

အမှတ် ၁၉ ။ ။ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ရှမ်းပြည်နယ်၊ ပန်ယန်းမြို့နယ် သာသနာရေးမှူးရုံးတွင် ခန့်ထားပြီး ဝန်ကြီးရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်နေသော မြို့နယ်သာသနာရေးမှူး ဦးမျိုးဆွေအား သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန (ရုံးချုပ်) သို့ တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

**ဝန်ကြီးရုံး**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက် )

အမှတ် ၂၀ ။ ။ ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဤဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၃) ၏ သဘောတူညီချက်အရ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၄ ရက်စွဲပါ စာအမှတ်၊ ၅/၅၂-ပြောင်းရွှေ့/အဖရ (၂၀၁၃) ဖြင့် သာသနာရေးဝန်ကြီးဌာနသို့ အမြဲတမ်းပြောင်းရွှေ့ရောက်ရှိလာသော ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ ဒုတိယအထွေထွေမန်နေဂျာ (ပစ္စည်း) ဦးမျိုးညွန့်အောင်အား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ကိုးကွယ်မှုဘာသာရေးနှင့် သာသနာပြုမဟာဌာနတွင် လစ်လပ်လျက် ရှိသော ပါမောက္ခ လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးနေရာကို ကျော်ထောက်နောက်ခံပြု၍ ညွှန်ကြားရေးမှူးနှင့်အဆင့်တူရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တစ်နှစ် အစမ်းခန့်ထားလိုက်သည်။

အမှတ် ၂၁ ။ ။ ပါမောက္ခရာထူးနေရာ ကျော်ထောက်နောက်ခံပြု ညွှန်ကြားရေးမှူး ဦးမျိုးညွန့်အောင် အား လုပ်ငန်းလိုအပ်ချက်အရ ကိုးကွယ်မှုဘာသာရေးကိစ္စများနှင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

ဦးဆန်းဆင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သမဝါယမဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၇ ရက်စွဲပါ စာအမှတ်၊ ၅၇၇/၅၂- ပြောင်းရွှေ့/အဖရ (၂၀၁၃) အရ သမဝါယမဝန်ကြီးဌာနသို့ လွှဲပြောင်းပေးသော အရာထမ်း (၈) ဦးတို့အား

ယင်းတို့နှင့်ယှဉ်တွဲပါရာထူးနေရာများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ရောက်ရှိသတင်းပို့သည့်နေ့မှစ၍ တာဝန်ချထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန | သတင်းပေးပို့သည့် ရက်စွဲ |
|---|---|---|---|
| (၁) | ဦးဇော်မျိုးထွန်း<br>ညွှန်ကြားရေးမှူး<br>ငါးလုပ်ငန်းဦးစီးဌာန<br>မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန | ပါမောက္ခ<br>စီမံခန့်ခွဲမှုပညာဌာန<br>သမဝါယမတက္ကသိုလ်<br>(သန်လျင်) | ၁-၄-၂၀၁၃ |
| (၂) | ဒေါ်ဒွေးဒွေးလွင်<br>ပါမောက္ခ (ဌာနမှူး)<br>အသုံးချဘောဂဗေဒဌာန<br>ရန်ကုန်စီးပွားရေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခ<br>ဘောဂဗေဒဌာန<br>သမဝါယမတက္ကသိုလ်<br>(သန်လျင်) | ၅-၄-၂၀၁၃ |
| (၃) | ဒေါက်တာမို့မို့ရီ<br>ပါမောက္ခ<br>ဝါဏိဇ္ဇဗေဒဌာန<br>ရန်ကုန်စီးပွားရေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခ<br>ဝါဏိဇ္ဇဗေဒဌာန<br>သမဝါယမတက္ကသိုလ်<br>(သန်လျင်) | ၁-၄-၂၀၁၃ |
| (၄) | ဒေါက်တာအောင်သန်းဝင်း<br>ပါမောက္ခ (ဌာနမှူး)<br>အရှေ့တိုင်းပညာဌာန<br>တောင်ငူတက္ကသိုလ် | ဌာနမှူး<br>အုပ်ချုပ်ရေး<br>သမဝါယမတက္ကသိုလ်<br>(စစ်ကိုင်း) | ၅-၄-၂၀၁၃ |
| (၅) | ဒေါက်တာရီရီအေး<br>ပါမောက္ခ (ဌာနမှူး)<br>ဘောဂဗေဒဌာန<br>ရန်ကုန်စီးပွားရေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခ<br>ဘောဂဗေဒဌာန<br>သမဝါယမတက္ကသိုလ်<br>(စစ်ကိုင်း) | ၃-၄-၂၀၁၃ |
| (၆) | ဦးဝင်းနိုင်ထွန်း<br>ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ဌာနမှူး<br>အုပ်ချုပ်ရေး<br>သမဝါယမတက္ကသိုလ်<br>(စစ်ကိုင်း) | ၂-၄-၂၀၁၃ |
| (၇) | ဦးဇော်လွင်ဦး<br>ညွှန်ကြားရေးမှူး<br>စီးပွားရေးနှင့်<br>ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန<br>ကူးသန်းရောင်းဝယ်ရေးနှင့်<br>စားသုံးသူရေးရာဦးစီးဌာန | ဌာနမှူး<br>အုပ်ချုပ်ရေး<br>သမဝါယမတက္ကသိုလ်<br>(စစ်ကိုင်း) | ၂၃-၄-၂၀၁၃ |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန | သတင်းပေးပို့သည့် ရက်စွဲ |
|---|---|---|---|
| (၈) | ဦးကျော်ဒွန်း<br>ညွှန်ကြားရေးမှူး<br>စီးပွားရေးနှင့်<br>ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန<br>ကူးသန်းရောင်းဝယ်ရေးနှင့်<br>စားသုံးသူရေးရာဦးစီးဌာန | ဒုတိယအထွေထွေမန်နေဂျာ<br>သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း | ၂၃-၄-၂၀၁၃ |

ကျော်ဆန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သမဝါယမဝန်ကြီးဌာန။

**[ ယခင်အပတ် ကယားပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေမှအဆက် ]**

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာကိန်းဂဏန်းများ မှန်ကန်ရေးကို တိုးချဲ့ဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါးမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားရန်၊

(၃) ကျန်အဓိကစိုက်ပျိုးသီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၄) စံပြစက်မှုလယ်ယာကွက်များကို တိုးချဲ့ဖော်ထုတ်သွားရန်၊

(၅) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်၊

(၆) ရေလွှဲဆည်၊ ရေလှောင်တမံနှင့် လျှပ်စစ်မြစ်ရေတင်စသည့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းများပြည့်မီရေး စနစ်တကျဆောင်ရွက်သွားရန်၊

(၇) စိုက်ပျိုးရေးဘွဲ့ရပညာရှင်များ၊ ဒီပလိုမာဘွဲ့ရများ လေ့ကျင့်မွေးထုတ်သွားရန်၊

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မျိုးကောင်းမျိုးသန့်မျိုးစေ့ ထုတ်လုပ်ခြင်း (Seed Production) ၊

(၂) တောင်သူလယ်သမားများ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ရရှိအသုံးပြုစေရေး လေ့ကျင့်ပညာပေးခြင်း (Training and Education) ၊

(၃) အရည်အသွေးနှင့်အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးစေ့များ ထုတ်လုပ်နိုင်ရန် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ သုတေသနပြုလုပ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး (Research and Development) ၊

(၄) စပါးသီးနှံများ အထွက်နှုန်းတိုးရေးအတွက် လယ်စပါးစိုက်ဧကအားလုံး အထွက်ကောင်းမျိုး ပြောင်းလဲစိုက်ပျိုးခြင်းနှင့် ပုလဲသွယ်စပ်မျိုးစပါးစိုက်ဧက (၅၀) ရာခိုင်နှုန်းအထိ ပြောင်းလဲ စိုက်ပျိုးခြင်း။

၆။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဒေသနှင့်ကိုက်ညီသော တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးမွေးမြူရန်၊

(၂) ဒေသတွင်း နွားနို့သောက်သုံးမှု ဖူလုံစေရန်နှင့် နို့နှင့် နို့ထွက်ပစ္စည်း ပိုမိုထုတ်လုပ်ရေးအတွက် နို့စားနွား မွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရန်၊

(၃) ခိုင်းနွား၊ ခိုင်းကျွဲနှင့် ကျွဲနွားတိရစ္ဆာန်ကောင်ရေ လျော့ကျမှုကို ကာကွယ်ရန်အတွက် အသားစားနွား မွေးမြူရေး လုပ်ငန်းဆောင်ရွက်ရန်၊

(၄) ကျေးလက်ဒေသနေပြည်သူများ အသားစားသုံးမှုမြင့်မားလာစေရန်အတွက် ဒေသကြက် မွေးမြူရေးအား တစ်ကောင်နှစ်ကောင်မှ တစ်အုပ်တစ်မမွေးမြူရေး ဆောင်ရွက်ရန်၊

(၅) အိမ်တွင်းလွတ်ကျောင်းစနစ်အစား သိပ္ပံနည်းကျ စနစ်တကျမွေးမြူရေးလုပ်ငန်းကို အားပေး ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အသားထုတ်လုပ်မှု တိုးတက်စေရန် ဒေသနှင့် အသင့်လျော်ဆုံးဖြစ်သောမွေးမြူရေး တိုးချဲ့ ဆောင်ရွက်ရန်၊

(၂) ခိုင်းနွား၊ ခိုင်းကျွဲနှင့် ကျွဲနွားတိရစ္ဆာန်ကောင်ရေ လျော့ကျမှုကို ကာကွယ်ရန်အတွက် အသားစားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန်၊

(၃) နို့နှင့်နို့ထွက်ပစ္စည်း ပိုမိုထုတ်လုပ်နိုင်ရေးအတွက် နို့စားနွားမွေးမြူရေးလုပ်ငန်း တိုးချဲ့မွေးမြူရန်၊

(၄) ကျေးလက်ဒေသများရှိ ပြည်သူများ အသားစားသုံးမှုနှုန်း မြင့်မားစေရေး၊ ဒေသကြက် မွေးမြူရေးအား တစ်ကောင်၊ နှစ်ကောင်မှ တစ်အုပ်တစ်မမွေးမြူနိုင်ရေး ဆောင်ရွက်ရန်၊

(၅) ပေါင်းစည်းလယ်ယာစနစ်များ ပီပြင်စွာဖော်ထုတ်ဆောင်ရွက်ရန်၊

(၆) ငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ငါးကန်ဧရိယာများ တိုးချဲ့ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်ရန်၊ နိုင်ငံခြားဝင်ငွေ တိုးတက် ရရှိရေးနှင့် အရေးကြီးဆုံးဖြစ်သော အရင်းအနှီး၊ ခေတ်မီနည်းပညာများ ရရှိနိုင်ရေးတို့ အတွက် ပြည်တွင်းပြည်ပအကူအညီနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖိတ်ခေါ် ဆောင်ရွက်ရန်၊

(၂) မွေးမြူရေးကဏ္ဍတွင် အစားအစာကုန်ကျစရိတ်သည် အချိုးကြီးမားစွာ ပါဝင်နေသဖြင့် သွင်းအားစုများ အစားထိုးနိုင်ရေးအတွက် လိုအပ်သော အစာစပ်စက်ရုံများ တည်ဆောက် ရန်နှင့် အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်ရန်၊

(၃) မွေးမြူရေးထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်ထွက်ပေါ်စေရေး၊ လိုအပ်သော နည်းပညာအရင်းအနှီး ရရှိနိုင်ရေးနှင့် အဆိုပါထွက်ကုန်များအား ပြည်တွင်းပြည်ပဈေးကွက် ရရှိရေး ရှာဖွေဆောင်ရွက်ရန်၊

(၄) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်းအချက်အလက်များ မှန်ကန်စေရေးနှင့် မွေးမြူရေး လုပ်ငန်း လုပ်ကိုင်ကြသူများ မွေးမြူရေး နည်းပညာဗဟုသုတများ အပြည့်အဝရရှိရေး ဆောင်ရွက်ရန်၊

(၅) မြန်မာနိုင်ငံတွင် ဖြစ်ပွားလေ့ရှိသော တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးများကို လုံလောက်စွာထုတ်လုပ်နိုင်ခဲ့ပြီး နိုင်နင်းစွာကာကွယ်နိုင်ခဲ့ပြီဖြစ်သော်လည်း ထပ်မံရင်ဆိုင်ရမည့် ဆုံးရှုံးမှုကြီးမားသော တိရစ္ဆာန်ရောဂါများကို သုတေသနပြုခြင်း၊ ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းလုပ်ငန်းများအား နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၆) တောင်သူများ စိုက်ပျိုးချိန် စောင့်ဆိုင်းကာလတွင် မိသားစုဝင်ငွေရရှိစေရေးနှင့် စိုက်ပျိုးစရိတ်သက်သာစေရေး သွင်းအားစုများအပေါ် အစားထိုးနိုင်မည့် ပေါင်းစည်းလယ်ယာစနစ် ထူထောင်ရန်၊

(၇) ပျားရည်နှင့်ပျားထွက်ပစ္စည်းများကို စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ပြီး ဈေးကွက်ပိုမို တိုးချဲ့ဆောင်ရွက်ရန်၊

(၈) ငါးထုတ်လုပ်မှုကို စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန်။

၇။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်၊

(၂) သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သောအကျိုးများကို စဉ်ဆက်မပြတ်ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရန်နှင့်သစ်တောကဏ္ဍစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန်၊

(၃) ပြည်သူလူထု၏ လောင်စာ၊ နေအိမ်၊ အဆောက်အဦ၊ အစားအစာနှင့် အပန်းဖြေအနားယူမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊

(၄) သစ်တောသယံဇာတများ ရရှိနိုင်သည့် အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန်၊

(၅) သစ်တောများ ပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရန်၊

(၆) နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျွန်းသစ်ကို ရေရှည်ပုံမှန်ထုတ်လုပ်နိုင်ရေး ဦးတည်ဆောင်ရွက်ရန်၊

(၂) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) သစ်တောပြုန်းတီးမှုနှုန်းမြင့်မားစေပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သောရှားစေးနှင့် သစ်ခေါက်ကို လုံးဝမထုတ်လုပ်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအား သတ်မှတ်ထားသော သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများဖြင့် စနစ်တကျ ထိန်းသိမ်းကာကွယ်ပြုစုခြင်း၊ သစ်တောထွက်ပစ္စည်းများနှင့်အသေးအဖွဲသစ်တောထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်အောင် အားပေးဆောင်ရွက်ရန်၊

(၂) မြန်မာ့သစ်လုပ်ငန်းမှတစ်ဆင့် ကုမ္ပဏီများ သစ်ထုတ်လုပ်ခြင်းအား ကျွန်းရွေးချယ်ခုတ်လှဲနည်းစနစ်၊ သစ်မာပင်ထောင်ရိုက် မှတ်ထုတ်ယူခြင်းစနစ်တို့ဖြင့် စနစ်တကျ သစ်ထုတ်လုပ်စေခြင်း၊ အနားပေးသင့်သောတောများကို အနားပေးခြင်း၊ သစ်ထုတ်လုပ်မှုလျှော့ချခြင်းများ ဆောင်ရွက်ရန်၊

(၃) သဘာဝတော ထိန်းသိမ်းရေးနယ်မြေများ ထူထောင်ပေးခြင်းနှင့် သဘာဝအခြေခံခရီးသွား လုပ်ငန်းများ ဆောင်ရွက်ရန်၊

(၄) ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်မှုကို အားပေးခြင်း၊ သီးနှံသစ်တော ရောနှောတောများနှင့် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်မှုများ အားပေးခြင်း၊ သစ်စက်လုပ်ငန်းနှင့် သစ်အချောထည် ထုတ်လုပ်ခြင်းလုပ်ငန်းများ အားပေးခြင်း၊ အချောထည်ပစ္စည်းများအား နိုင်ငံခြားပို့ကုန်အဆင့်အထိ ထုတ်နိုင်စေရန်အားပေးခြင်းနှင့် နယ်စပ်ဒေသမှ တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်ရန်။

၈။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အနာဂတ်မျိုးဆက်များအတွက် သဘာဝသယံဇာတအရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးမှုမရှိစေရန် စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးစေသည့် အစိမ်းရောင်စီးပွားရေးအဖြစ် ဆောင်ရွက်ရေး၊

(၂) လျှာထားချက် ပြည့်မီကျော်လွန်အောင် ပူးပေါင်းဆောင်ရွက်ရေး၊

(၃) အခွန်အခ အပြည့်အဝရရှိအောင် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သတ္တုကဏ္ဍ၏ နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် တိုးတက်ရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်၏အမျိုးသားဝင်ငွေ တိုးတက်စေရေး အထောက်အကူပြုဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ သတ္တုကဏ္ဍ ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဖက်စပ်နှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးရှိစွာပူးပေါင်းဆောင်ရွက်ရန်၊

(၃) ဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံး ခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝသယံဇာတအရင်းအမြစ်များအား ရှာဖွေခြင်း၊ စမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၂) အသေးစားတူးဖော်ထုတ်လုပ်မှုမှ အကြီးစားတူးဖော်ထုတ်လုပ်မှုသို့ မျှော်မှန်းဆောင်ရွက်ရန်၊

(၃) အကြီးစားထုတ်လုပ်မှုတွင် လူ့စွမ်းအားအရင်းအမြစ်ကို အခြေခံ၍ အရည်အသွေးဆင့်ထက် လုပ်ငန်း ဆောင်ရွက်ရန်။

၉။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော စက်မှုနိုင်ငံအဖြစ် ကူးပြောင်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ပူးပေါင်းဆောင်ရွက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်နိုင်ရန်အတွက် ပုဂ္ဂလိကပိုင်စက်မှုလက်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာအထောက်အကူပြု စက်မှုလက်မှုလုပ်ငန်းများဖြစ်သည့် သီးနှံကြိတ်ခွဲရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်၊

(၂) ကျွန်းနှင့်သစ်မာ တိုးတက်ထုတ်လုပ်မှုအပေါ် အခြေခံ၍ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်မှ သစ်ခွဲသားများကို တိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်၊

(၃) ပုဂ္ဂလိကပိုင်စက်မှုလက်မှုလုပ်ငန်းများကို တိုးတက်ထုတ်လုပ်စေရန် အားပေးဆောင်ရွက်ရန်။

၁၀။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်အားစနစ်ပြင်ပရှိ မိမိလုပ်ငန်းဌာနပိုင် အသေးစားရေအားလျှပ်စစ်စက်ရုံများ၊ ဒီဇယ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများနှင့် အနာဂတ်တွင်ဖြစ်ပေါ်လာမည့် ဓာတ်အားစနစ်နှင့် ဆက်သွယ်ထားခြင်းမရှိသော မိမိဒေသအတွင်း သီးခြားဓာတ်အားဖြန့်ဖြူးခြင်းနှင့် ဓာတ်အားစက်ရုံများ၏ တည်ဆောက်ရေးလုပ်ငန်း ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊

(၂) မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ပြည်တွင်းပြည်ပပုဂ္ဂလိကအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများမှ ဓာတ်အားများ ဝယ်ယူရေး၊

(၃) ဝန်ကြီးဌာနမှသတ်မှတ်ပေးသော ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်းသည့် လျာထားချက်များ ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေအားလျှပ်စစ်ကို အခြေခံစွမ်းအင် (Base Load) အနေဖြင့် သုံးစွဲ၍ သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်စွမ်းအားကို အကူစွမ်းအင် (Peak Load) အဖြစ် အသုံးပြုရန်၊

(၂) သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများတွင် သဘာဝဓာတ်ငွေ့သုံးစွဲမှုသက်သာစေရန် စွန့်ပစ်အပူရှိန်သုံးစွဲခြင်းဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု (Combined Cycle Power Generation) ကို ဆောင်ရွက်ရန်၊

(၃) မဟာဓာတ်အားလိုင်းစနစ်ကို တိုးချဲ့၍ ဖွံ့ဖြိုးလာသော စက်မှုဇုန်များနှင့် လက်ရှိဒီဇယ်စက်များဖြင့် ဓာတ်အားပေးလျက်ရှိသော မြို့/ရွာများကို မဟာဓာတ်အားလိုင်းမှ ဆက်သွယ်ဓာတ်အားပေးရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်အားပြတ်တောက်မှု လျော့နည်းပပျောက်ရေး ကြိုးစားဆောင်ရွက်ရန်၊

(၂) ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ သန့်ရှင်းကြံ့ခိုင်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊

(၃) ဓာတ်အားပျောက်ဆုံးမှု လျော့နည်းပပျောက်ရေး နည်းလမ်းများ ရှာကြံဆောင်ရွက်ရန်၊

(၄) လျှပ်စစ်အန္တရာယ်ကင်းဝေးရေးအတွက် လိုက်နာဆောင်ရွက်ခြင်း၊ ဓာတ်အားသုံးစွဲသူများသို့ အသိပညာပေးခြင်းကို ဆောင်ရွက်ရန်၊

(၅) ဗို့အား ပြည့်မီရေး၊ သတ်မှတ်ငွေကြေးနှင့် ဓာတ်အားခရောင်းရငွေများ အပြည့်ရရှိအောင် ဆောင်ရွက်ရန်၊

(၆) ပြည်သူများ အားကိုးသောဝန်ထမ်းများဖြစ်အောင် ဆောင်ရွက်ရန်။

၁၁။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ပြောင်းလဲလာသည့် နိုင်ငံရေးစနစ်နှင့်အညီ နိုင်ငံအတွင်းရှိလမ်းများကို နိုင်ငံတကာအဆင့်မီ လမ်းမကြီးများ ပေါ်ပေါက်လာစေရန်၊

(၂) လမ်းမကြီးများကို အဆင့်မြှင့်တင်ထားသည့် ယာဉ်သွားလမ်းအကျယ်အတိုင်း တံတားများကိုလည်း အမြဲတမ်းသံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ရန်၊

(၃) တံတားများ အဆင့်မြှင့်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ယာဉ်သွားလမ်း အကျယ်အတိုင်း ပေ (၅၀) အောက် တံတားများကို ပထမဦးစားပေး၊ ပေ (၅၀) နှင့်အထက် ပေ (၁၀၀) အောက်တံတားများကို ဒုတိယဦးစားပေး၊ ပေ (၁၀၀) နှင့် အထက်ပေ (၁၈၀) အောက်တံတားများကို တတိယဦးစားပေးလျာထား၍ အမြဲတမ်း သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ရန်နှင့် ပေ (၁၈၀) နှင့်အထက် တံတားများကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ ခွင့်ပြုချက်တင်ပြတောင်းခံ၍ အမြဲတမ်းသံကူကွန်ကရစ် တံတားများ တည်ဆောက်ရန်၊

(၄) ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အင်ဂျင်နီယာများသည် ကမ္ဘာ့အဆင့်မီနည်းပညာများ တတ်ကျွမ်းစေရန် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲများ၊ ပြည်တွင်း ပြည်ပ ပညာသင်ကြားရေးအစီအစဉ်များဖြင့် အရည်အသွေးမြှင့်တင်နိုင်ရန်နှင့် IT နည်းပညာရပ်များဖြင့် ဆက်စပ်ဆောင်ရွက်နိုင်ရန်၊

(၅) P.P.P (Public Private Partnership) အစီအစဉ်အရ နိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ B.O.T စနစ်ဖြင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် နည်းပညာပိုင်း ပံ့ပိုးခြင်း၊ အတတ်ပညာပိုင်း အကူအညီပေးခြင်း၊ ရပိုင်ခွင့်များနှင့် လုပ်ပိုင်ခွင့်များ ကာကွယ် စောင့်ရှောက်ပေးရန်၊

(၆) F.D.I (Foreign Direct Inversment) များ ဖိတ်ခေါ်၍ ပြည်တွင်းတွင် လမ်း/တံတား စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ A.D.B (Asia Development Bank)၊ ကမ္ဘာ့ဘဏ်၊ (World Bank) ချေးငွေများဖြင့် လမ်း/တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ရန်၊

(၇) ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်မှန်းချက်ကို အထောက်အကူပြုစေရန်အတွက် ကုန်စည် စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာနိုင်ရန် လမ်း/တံတားများ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကယားပြည်နယ်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးများအား ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြည်နယ်အတွင်းရှိလမ်းမကြီးများ၊ တံတားများအား တိုးချဲ့ဆောင်ရွက်သွားရန်၊

(၂) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဌာနရန်ပုံငွေဖြင့် နှစ်စဉ်မြို့ပြ/ကျေးလက် လမ်း၊ တံတားများ တည်ဆောက်ရန်၊

(၂) ကျေးလက် လမ်း/တံတား နှစ် (၂၀) စီမံကိန်းအရ (၅) နှစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) ၂၀၁၁-၂၀၁၂ မှ ၂၀၃၀-၂၀၃၁ အထိ နှစ် (၂၀) လမ်း၊ တံတားစီမံကိန်းရေးဆွဲပြီး ဆောင်ရွက်ရန်။

၁၂။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်၊

(၂) မြန်မာ့မီးရထားသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ဝန်ဆောင်မှုနှင့် စက်မှုကဏ္ဍတို့၌ တိုးတက်အောင် ဆောင်ရွက်ရန်၊

(၃) အခြားစီးပွားရေးကဏ္ဍများ၏ တိုးချဲ့ထုတ်လုပ်မှုနှင့် လူမှုရေးလိုအပ်ချက်အပေါ် အခြေခံ၍ ပို့ဆောင်ရေးစွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးယာဉ်များ အစားထိုးရန်၊ အင်အားတိုးချဲ့ရန်၊ အခြေခံအဆောက်အအုံများကိုလည်း လိုက်လျောညီထွေ ပိုမိုကောင်းမွန်စေရေးအတွက် အဆင့်မြှင့်ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြန်မာ့မီးရထား၊ မြန်မာ့လေကြောင်းနှင့် ပုဂ္ဂလိကမော်တော်ယာဉ်များဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏအား နှစ်စဉ်အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုပိုမိုရရှိအောင် ဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်အတွက် နှစ်စဉ်အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေပေးရန်၊

(၃) ပြည်သူများ ပြည်နယ်တွင်းနှင့် အခြားပြည်နယ်၊ တိုင်းဒေသကြီးများသို့ နိုင်ငံတစ်ဝန်း ခရီးသွားလာမှု လွယ်ကူစေရန်လည်းကောင်း၊ ဒေသတွင်းရှိ ထွက်ရှိသည့်ကုန်စည်များကို အခြားပြည်နယ်၊ တိုင်းဒေသကြီးများသို့ ကုန်သွယ်စီးပွားရေးအတွက် သယ်ပို့ရာတွင်လည်းကောင်း၊ အခြားပြည်နယ်/တိုင်းဒေသကြီးများမှ ဒေသအတွက် လိုအပ်သည့် ကုန်စည်များ သယ်ယူရာတွင်လည်းကောင်း အဆင်ပြေချောမွေ့စေရေးကို ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းများ၊ လေဆိပ်အဆောက်အဦ တိုးချဲ့ခြင်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၂) ရထားလမ်းဟောင်းများအား ဇလီဖားတုံး၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်း ဆောင်ရွက်ရန်၊

(၃) ပုဂ္ဂလိကအခန်းကဏ္ဍ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီမံလျာထားဆောင်ရွက်ရန်၊

(၄) ပုဂ္ဂလိကရင်းနှီးမှုအင်အားနှင့် မတတ်နိုင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းရင်းနှီးမြှုပ်နှံမှုများဖြင့် စီမံလျာထားဆောင်ရွက်ရန်၊

(၅) နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ရန် ရည်ရွယ်၍ နယ်စပ်ကုန်သွယ်ရေး ယာဉ်ရပ်နားစခန်း ဖွင့်လှစ်ဆောင်ရွက်ရန်၊

(၆) အာဆီယံ လွတ်လပ်သည့်ကုန်သွယ်ရေးကို မျှော်မှန်း၍ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များအား အဆင့်မြင့်ယာဉ်များဖြင့် အစားထိုးလဲလှယ်ဆောင်ရွက်ရန်။

၁၃။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခန်းကဏ္ဍအနေဖြင့် Public Private Partnership (PPP) ပုံစံဖြင့် ဆောင်ရွက်သွားရန်နှင့် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ရင်းနှီးမြှုပ်နှံမှုကို ပိုမိုဆောင်ရွက်ရေး၊

(၂) ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲထားသည့်ဥပဒေများအပေါ် အတည်ပြုဆောင်ရွက်ခြင်းနှင့် လိုက်နာကျင့်သုံးခြင်း ဆောင်ရွက်ရေး၊

(၃) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ တည်ဆောက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး (IT) ကဏ္ဍတွင် နိုင်ငံသားနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများအား အချိုးအစားမျှတစွာရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဆက်လက်ဖန်တီးပေးရေးတို့ကို ဆောင်ရွက်သွားရန်၊

(၄) ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်သွားရန်၊ (IT) နည်းပညာနှင့် ခေတ်မီစက်ကိရိယာများကို အသုံးပြုပြီး၊ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍ ပြည်တွင်း၊ ပြည်ပစာတိုက်လုပ်ငန်းများ၏ ဝန်ဆောင်မှုအရည်အသွေး တိုးမြှင့်ဆောင်ရွက်သွားရန်၊

(၅) ဆက်သွယ်ရေးသတင်းနှင့် နည်းပညာဝန်ကြီးဌာန၏ ချမှတ်ထားသော မူဝါဒအတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စာတိုက်လုပ်ငန်း ဝန်ဆောင်မှုများအနက်မှ နေ့စဉ်ပိတ်ရက်မရှိ တစ်နှစ်ပတ်လုံး ၃၆၅ ရက် ဝန်ဆောင်မှုပေးလျက်ရှိသော ပြည်တွင်းအမြန်ချောပို့ဝန်ဆောင်မှုလုပ်ငန်းအား ပြောင်းလဲတိုးတက်လာသော အခြေအနေများအရ ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီနှင့် Public Private Partnership (PPP) ပုံစံဖြင့် ယခုထက်ပို၍ အရည်အသွေးမြင့်မားသော စာတိုက်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန်၊

(၆) ကျေးလက်များအထိ Mobile Coverage ရရှိရန်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တယ်လီဖုန်းသိပ်သည်းဆ ပိုမိုရရှိရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်သွားပြီး တယ်လီဖုန်းသိပ်သည်းဆကို ၄၃. ၈ ရာခိုင်နှုန်းအထိလည်းကောင်း၊ Broadband Wireless စနစ်ဖြင့် အင်တာနက်သုံးစွဲမှု Internet Penetration ကို ၉ ရာခိုင်နှုန်းအထိလည်းကောင်း တိုးတက်သုံးစွဲနိုင်ရန်၊

(၂) ကျေးလက်မြို့ပြ အပါအဝင် တစ်ပြည်နယ်လုံးရှိ ပြည်သူများအားလုံး အရည်အသွေးပြည့်ဝပြီး ဈေးနှုန်းချိုသာသော တယ်လီဖုန်းဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း

များကို လုံခြုံလျင်မြန်စွာဖြင့် စိတ်ကြိုက်ရွေးချယ်သုံးစွဲခွင့် ရရှိစေရန်နှင့် နိုင်ငံတော်ဝင်ငွေကို ဟန်ချက်ညီစွာတိုးတက်ရရှိစေရန်၊

(၃) ဆက်သွယ်ရေးကဏ္ဍ၏သက်ဝင်လှုပ်ရှားနေသောလက်ငင်းပုံစံမှာ ဌာနဇဟိုပြု ဆက်သွယ်ရေး ဝန်ဆောင်မှုများပေးရန်၊

(၄) မိုဘိုင်းတယ်လီဖုန်းသုံးစွဲရာ၌ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ မြို့ပြသာမက ကျေးလက်များ အထိ သုံးစွဲနိုင်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်တွင်းအမြန်ချောပို့လုပ်ငန်းကို ယခုနှစ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးတွဲဆောင်ရွက်ရန်၊

(၂) ဆက်သွယ်ရေးကဏ္ဍ၏ပြုပြင်ပြောင်းလဲရေးလမ်းခရီးသည် စနစ်တကျဖြင့် ရည်မှန်းချက်ကို ရောက်ရှိရန် နိုင်ငံတော်အတွက် လွန်စွာအရေးကြီးကြောင်း ဆက်သွယ်ရေးကဏ္ဍ၏ ပြုပြင် ပြောင်းလဲရေးဟု ဆိုရာတွင် ဥပဒေ၊ နည်းဥပဒေ၊ နည်းပညာ၊ ငွေရေးကြေးရေး၊ လူ့စွမ်းအား အရင်းအမြစ်နှင့် ဝန်ထမ်းများအား လေ့ကျင့်ရေးအပိုင်းတို့ကို ပြိုင်တူပြုပြင်ပြောင်းလဲရန်နှင့် ကြေးနန်းရုံးများတွင် ဖက်စ်တပ်ဆင်ပြီး ကြေးနန်းရုံး ၈ ရုံးရှိပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ထပ်မံ၍ ဖက်စ် ၁ ရုံး ဆောင်ရွက်ရန်။

၁၄။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအား ထိရောက်စွာအထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်၊

(၂) နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍမှ ပိုင်ဆိုင်မှုအလိုက် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် ငွေစုငွေချေးအသင်းများ၏ လုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သက်ဆိုင်ရာဘဏ်များအလိုက် လုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်ရေးကို ကြိုးပမ်း ဆောင်ရွက်သွားရန်၊

(၂) နိုင်ငံတော်၏ဝင်ငွေတိုးတက်ရေးအတွက် အတိုးငွေများ အပြည့်အဝပြန်လည်ကောက်ခံရေးနှင့် နိုင်ငံတော်စီးပွားရေးမူဝါဒနှင့်အညီ ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချေးငွေထုတ်ချေးခြင်းကို ဆောင်ရွက်ရန်၊

(၃) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများကို ထုတ်ချေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ငွေကြေးစီးဆင်းမှု၊ လွယ်ကူချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၂) ချေးငွေများ အချိန်မီ စနစ်တကျထုတ်ချေးရေးနှင့် သတ်မှတ်ကာလအတွင်း အပြည့်အဝ ပြန်လည်ကောက်ခံရေးလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၃) နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍများတွင် အာမခံထားရှိမှုများ ပိုမိုကျယ်ပြန့်လာစေရန်နှင့် အကျိုးသက်ရောက်စေမည့် အခြားအာမခံလုပ်ငန်း အမျိုးအစားများကို တိုးချဲ့ဆောင်ရွက်ရန်၊

(၄) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဥပဒေ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ချေးငွေထုတ်ချေးရေးကို ဆောင်ရွက်ရန်၊

(၅) မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းနှင့် သမဝါယမ ငွေစု ငွေချေးအသင်းများမှ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများကို ထုတ်ချေးရန်၊

(၆) ပုဂ္ဂလိကပိုင်ဘဏ်များအနေဖြင့် နှစ်စဉ်အပ်ငွေ၊ ချေးငွေနှင့် ငွေလွှဲလုပ်ငန်းများအား တိုးတက် အောင် ဆောင်ရွက်ရန်။

၁၅။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်၊

(၂) သဘာဝအရင်းအမြစ်များကို အသုံးပြုပြီး နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ချမ်းသာကြွယ်ဝလာစေရန်၊

(၃) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့မှ ချမှတ်ထားသော ထောင်စုနှစ်ရည်မှန်းချက်များနှင့်အညီ ၂၀၂၀ ပြည့်နှစ် တွင် ကမ္ဘာ့နိုင်ငံများ ပေါင်းစည်းအကောင်အထည်ဖော် ဆောင်ရွက်သည့်အချိန်၌ လိုအပ် လာမည့် နည်းပညာရှင်နှင့် အတတ်ပညာရှင်များ အသင့်ရှိနေစေရေးအတွက် လေ့ကျင့် ဆောင်ရွက်ပေးရန်၊

(၄) စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံအတွက် လိုအပ်သည့် အရည်အချင်းပြည့်ဝသောကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

(၂) ဒေသတစ်ခုချင်း တိုးတက်ဖွံ့ဖြိုးမှုရရှိစေရန်နှင့် မြို့ပြ-ကျေးလက်၊ ပြည်နယ်-ပြည်မ ကွာဟမှု မရှိစေဘဲ အဆင့်မြင့်နည်းပညာများ သင်ယူခွင့်ရရှိစေရန်၊

(၃) နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများ ပေါ်ထွန်းလာစေရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတကာမွမ်းမံ သင်တန်းများ၊ Seminar များ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ သုတေသနနှင့် တီထွင်မှုဆိုင်ရာပြပွဲများသို့ ပညာရှင်များကို စေလွှတ်နိုင်ရေးဆောင်ရွက်ရန်၊

(၂) ကျေးလက်ဒေသဖွံ့ဖြိုးရေးကို တိုက်ရိုက်အထောက်အကူပြုမည့် သုတေသနလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) ကွန်ပျူတာဖြင့် ချိတ်ဆက်ကြည့်ရှုနိုင်သော စာကြည့်တိုက်များကိုလည်း တည်ထောင် ပေးနိုင်ရေး ဆောင်ရွက်ရန်။

၁၆။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည် -

ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ တိုးတက်ဆောင်ရွက်နိုင်သည့်နည်းတူ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍမှာလည်း အဆက်အစပ်မိမိ လိုက်လျောညီထွေတိုးတက်လာစေရေး။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်ထက် တိုးတက်အောင် ဆောင်ရွက်သွားရန်။

(ဂ) လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်နယ်အတွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍများမှ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု လုပ်ငန်းများ၏ ပိုမိုတိုးတက်ပြီး ဝန်ဆောင်မှုပေးနိုင်မှုအပေါ် အခြေခံ၍ စီမံကိန်းရည်မှန်းချက် ပြည့်မီစေရန် ဆောင်ရွက်သွားရန်။

၁၇။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကုန်သွယ်မှုလုပ်ငန်းများတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ရှေးရှုရန်၊

(၂) ကုန်သွယ်မှုလုပ်ငန်းများတွင် ပြည်သူများအပေါ် ဖိစီးမှုမဖြစ်စေရန်၊

(၃) ကုန်သွယ်မှုလုပ်ငန်းများကို အမြတ်အစွန်းရရှိမှု အဓိကမထားဘဲ ရေရှည်တည်တံ့ခိုင်မြဲမှု ဦးတည်ချက်ဖြင့် ရှေးရှုဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

ပို့ကုန်/သွင်းကုန်လုပ်ငန်းများ လွယ်ကူချောမွေ့ရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ တရားဝင်ဖွင့်လှစ်ပေးပြီး ကုန်ပစ္စည်းများ တင်သွင်း/တင်ပို့ရောင်းချခြင်းတို့မှ ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအပြင် နိုင်ငံတော်၏ကုန်သွယ်စီးပွားရေးအား အထောက်အကူ ဖြစ်စေရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးဆောင်ရွက်ရန်၊

(၂) ကုန်ပစ္စည်းတစ်မည်ချင်းအလိုက် အရည်အသွေးနှင့်အရေအတွက် မြှင့်တင်ရောင်းချရေး ဆောင်ရွက်ရန်၊

(၃) ကုန်စည်များ စီးပွားဖြစ်ထုတ်လုပ်ထွက်ရှိရာ မြို့ကြီးများတွင် လက်ကားကုန်စည်ဒိုင် ဈေးကွက်များ ဖြစ်ပေါ်လာရေးနှင့် ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးမှုနှင့် ကူးသန်းရောင်းဝယ်မှု တိုးတက်လာသည်နှင့်အမျှ နိုင်ငံတကာဈေးကွက် ချိတ်ဆက်ရောင်းဝယ်မှုတိုးတက်လာရေး ဆောင်ရွက်ရန်၊

(၄) ကုန်ကြမ်းအတိုင်းရောင်းရာမှ Value Added တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့ ရောင်းချနိုင်ရေးနှင့် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ရန်၊

(၅) အမည်သစ်ပို့ကုန်များ ရှာဖွေတင်ပို့ရောင်းချရေး ဆောင်ရွက်ရန်၊

(၆) ပင်လယ်ရေကြောင်းကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်ရန်၊

(၇) တစ်ဆင့်ခံကုန်သွယ်မှု (Transit Trade) နှင့် ပြန်လည်တင်ပို့ (Re-export) လုပ်ငန်းများ မြှင့်တင်ရေးဆောင်ရွက်ရန်၊

(၈) နိုင်ငံတကာဈေးကွက်ထိုးဖောက်၍ End User ရှာဖွေတင်ပို့ခြင်းဖြင့် ဈေးမှန်ရရှိပြီး ပုံမှန် ချိတ်ဆက်ရောင်းဝယ်နိုင်ရေးနှင့် ကုန်သွယ်မိတ်ဖက်သစ်တိုးချဲ့ရှာဖွေရေး ဆောင်ရွက်ရန်၊

(၉) တရားမဝင်မှောင်ခိုရောင်းဝယ်မှုများ တားဆီးထိန်းသိမ်းရေးနှင့် လမ်းကြောင်းမှန်ပေါ်မှ ကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်ရန်၊

(၁၀) ကုန်သွယ်မှုအတားအဆီးများ လျှော့နည်းပြီး လျင်မြန်ချောမွေ့အောင် ကြိုးပမ်းပေးခြင်းနှင့် ငွေကြေးလည်ပတ်မှုသွက်လက်၍ အကြိမ်အရေအတွက် တိုးတက်လာပြီး နိုင်ငံစီးပွားရေး တိုးတက်လာရေးဆောင်ရွက်ရန်။

## အခန်း (၅)

## အထွေထွေ

၁၈။ စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်းရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသောစီမံကိန်းများကိုလည်း ထည့်သွင်းစီမံ ဆောင်ရွက်ရမည်။

၁၉။ စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များနှင့် ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ခွင့်ပြုဆောင်ရွက်ရမည်။

၂၀။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ဖြစ်မြောက် နိုင်စွမ်း ရှိ/မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု/မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ/မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်ရန် သဘောတူခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၂၁။ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ ပြည်နယ်၏အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက် အကောင်အထည်ဖော်ရမည်။

၂၂။ ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ကဏ္ဍ အလိုက် စီမံကိန်းများနှင့်ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ လိုအပ်သောအစီအမံများကို ချမှတ်ကျင့်သုံးဆောင်ရွက်မည်ဖြစ်ပါသည်။

၂၃။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင် အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ခင်မောင်ဦး၊
ဝန်ကြီးချုပ်၊
ကယားပြည်နယ်အစိုးရအဖွဲ့။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် ( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### လွှတ်တော်ရုံး

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက် )

အမှတ် ၃ ။ ။ လွှတ်တော်ရုံးတွင် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာဖြင့် ခန့်ထားခဲ့သော အကြံပေးအရာရှိ ဒေါ်ခင်မြဝင်းအား ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အကြံပေးအရာရှိတာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
**အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၁ ရက် )

**ဒုတိယညွှန်ကြားရေးမှူးချုပ်တာဝန် လွှဲပြောင်းထမ်းဆောင်ခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရွေးကောက်ပွဲခုံရုံးဆိုင်ရာ) ဦးစိုးကျော်ဦးသည် ၂၀၁၃ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့ထိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ၌ ဖွင့်လှစ်သည့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁) သို့ တက်ရောက်မည်ဖြစ်ပါသဖြင့် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း ဒုတိယညွှန်ကြားရေးမှူးချုပ်

(ရွေးကောက်ပွဲခုံရုံးဆိုင်ရာ) ၏ တာဝန်ဝတ္တရားများကို ညွှန်ကြားရေးမှူး ဦးနေမျိုးထံသို့ ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့ ညနေပိုင်းမှစ၍ လွှဲပြောင်းတာဝန်ထမ်းဆောင်စေလိုက်သည်။

၂။ သင်တန်းမှပြန်လာသောအခါ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးကျော်ဦးအား မူလတာဝန်များကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၃ ရက် )

## ရုံးလုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၇/၂၀၁၃ နှင့် ၁၈/၂၀၁၃ တို့ဖြင့် တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများသို့ တာဝန်ပေးပြောင်းရွှေ့ခန့်အပ်ခဲ့သည့် အောက်ဖော်ပြပါ အရာထမ်း (၁၂) ဦးတို့သည် ယင်းတို့ အမည်နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက် နံနက်ပိုင်းမှစ၍ ရာထူးတာဝန်ဝတ္တရားများကို လက်ခံဆောင်ရွက်သည် -

| စဉ် | အမည် | ရာထူးတာဝန် | ကော်မရှင်အဖွဲ့ခွဲရုံး | ရက်စွဲ |
|---|---|---|---|---|
| (က) | ဦးကျော်ကျော်စိုး | လက်ထောက် ညွှန်ကြားရေးမှူး | မန္တလေးတိုင်းဒေသကြီး | ၁၆-၅-၂၀၁၃ |
| (ခ) | ဦးခင်ဇော်ထွန်း | လက်ထောက် ညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီး | ၁၀-၅-၂၀၁၃ |
| (ဂ) | ဦးအောင်ကျော်မိုး | လက်ထောက် ညွှန်ကြားရေးမှူး | ပဲခူးတိုင်းဒေသကြီး | ၁၃-၅-၂၀၁၃ |
| (ဃ) | ဦးမျိုးသန့်ကျော် | လက်ထောက် ညွှန်ကြားရေးမှူး | ဧရာဝတီတိုင်းဒေသကြီး | ၁၃-၅-၂၀၁၃ |
| (င) | ဦးအောင်မျိုးလွင် | လက်ထောက် ညွှန်ကြားရေးမှူး | စစ်ကိုင်းတိုင်းဒေသကြီး | ၁၃-၅-၂၀၁၃ |
| (စ) | ဦးဟိဏ်းလင်းထက် | လက်ထောက် ညွှန်ကြားရေးမှူး | မွန်ပြည်နယ် | ၁၃-၅-၂၀၁၃ |
| (ဆ) | ဦးစိုးထွဋ်ဦး | လက်ထောက် ညွှန်ကြားရေးမှူး | မကွေးတိုင်းဒေသကြီး | ၁၃-၅-၂၀၁၃ |
| (ဇ) | ဦးသန်းလွင်မြင့် | လက်ထောက် ညွှန်ကြားရေးမှူး | ရှမ်းပြည်နယ် | ၁၀-၅-၂၀၁၃ |
| (ဈ) | ဦးထိန်လင်းဦး | လက်ထောက် ညွှန်ကြားရေးမှူး | တနင်္သာရီတိုင်းဒေသကြီး | ၁၅-၅-၂၀၁၃ |
| (ည) | ဦးတင်ဝင်း | ဦးစီးအရာရှိ | ရန်ကုန်တိုင်းဒေသကြီး | ၁၀-၅-၂၀၁၃ |

| | | | |
|---|---|---|---|
| (၄) ဦးဦးထွန်းရွှေ | ဦးစီးအရာရှိ | ရန်ကုန် (မြောက်ပိုင်း) ခရိုင် | ၁၃-၅-၂၀၁၃ |
| (၅) ဦးထွန်းမင်းလတ် | ဦးစီးအရာရှိ | ပဲခူးတိုင်းဒေသကြီး | ၁၃-၅-၂၀၁၃ |

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာ (၁၅/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၉ ရက် )

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ညောင်ပင်ဆိပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၃၈၂-ခ/ညောင်ပင်ဆိပ်ကွင်း)၊ ဦးပိုင်အမှတ် (၁၄၀) မှ မြေဧရိယာ (၀. ၉၁) ဧက၊ ဦးပိုင်အမှတ် (၁၁၂၉) မှ မြေဧရိယာ (၀. ၀၄) ဧက၊ **စုစုပေါင်းမြေဧရိယာ (၀. ၉၅) ဧက**အား **လွှတစင်ကုန်းဘုန်းတော်ကြီးကျောင်း** ဗုဒ္ဓသာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၀ ရက် )

အမှတ် ၅၁/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၀) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

(၁) မျိုးအောင် ကြည်း ၆၅၉၀၈

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၁ ရက် )

အမှတ် ၅၃/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၀) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

(၁) တင်မောင်မြ ကြည်း ၆၅၉၀၉

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၂ ရက် )

အမှတ် ၃၁၅ ။ ။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၀ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၆) (၉၇၀/၂၀၁၃) အရ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ကြေးတိုင်ဦးစီးဌာန (အောက်မြန်မာပြည်)၊ ရန်ကုန်မြို့မှ ဒုတိယ ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဒေါက်တာဝင်းထွဋ်အား လစာနှုန်း (၁၈၀,၀၀၀- ၂,၀၀၀-၁၉၀,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူးရာထူးသို့ ၂၀၁၃ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထား လိုက်ပြီး ယင်းနေ့ နံနက်ပိုင်းမှစ၍ ကနဦးလစာ ၁၈၀,၀၀၀/- ထုတ်ယူခွင့်ပြုလိုက်သည်။

သတိုးအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် ( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

D:/Thazin/2013 Gaze

မြန်မာကုမ္ပဏီများအက်ဥပဒေအရ

**ကျန်းမာရေးဆန်းသစ်မှု ကုမ္ပဏီလီမိတက်**

အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများတောင်းခံရန်သတိပေးခြင်း

၂၀၁၃ ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည် -

၁။ ကုမ္ပဏီကို အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု(ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၃-၇-၂၀၁၃) နေ့နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးနိုင်မျိုးမင်း
မန်နေးဂျင်းဒါရိုက်တာ
ကျန်းမာရေးဆန်းစစ်မှု ကုမ္ပဏီလီမိတက်

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ် ၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၀၄၃၄၉၊ ၅၂၃၃၂၇

## ဝင်းဝင်းဝင်း အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်
## WIN WIN WIN INTERNATIONAL CO., LTD

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **ဝင်းဝင်းဝင်း အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက် (WIN WIN WIN INTERNATIONAL CO., LTD)** အား (၁၂-၆-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြတ်စိုး
မန်နေးဂျင်းဒါရိုက်တာ
ဝင်းဝင်းဝင်း အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ပန်းသတင်း ကုမ္ပဏီလီမိတက်
## Flower News Company Limited

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၆ (၁) အရ
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ပန်းသတင်း ကုမ္ပဏီလီမိတက်** အား (၁၁-၆-၂၀၁၃) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်စောယု **[B.Com (Q), C.P.A]** အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁-၇-၂၀၁၃) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အောင်မြတ်ထွန်း
မန်နေးဂျင်းဒါရိုက်တာ
ပန်းသတင်း ကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ခင်စောယု
B.Com (Q), C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
လက်မှတ်ရပြည်သူ့စာရင်းကိုင်
စာရင်းစစ်

**ကံကောင်း ရွှေထုတ်လုပ်မှုကုမ္ပဏီလီမိတက်**
**Kan Kaung Gold Manufacturing Company Limited**
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၆ (၁) အရ
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ကံကောင်း ရွှေထုတ်လုပ်မှု ကုမ္ပဏီလီမိတက်**အား (၁၁-၆-၂၀၁၃) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်စောယု **[B.Com (Q), C.P.A]** အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၁-၇-၂၀၁၃) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

စိန်ဝင်း
မန်နေးဂျင်းဒါရိုက်တာ
ကံကောင်း ရွှေထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ခင်စောယု
B.Com (Q), C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ချင်ရှင်း အင်ဒတ်စထရီးကုမ္ပဏီလီမိတက်**
(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
(မြန်မာနိုင်ငံကုမ္ပဏီများနည်းဥပဒေအပိုဒ် - ၁၁၃)

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်တရားရုံး-တွဲဖက်ခရိုင်တရားသူကြီးရုံး၏ တရားမအထွေထွေ အမှုအမှတ်-၅၆/၂၀၁၃ အမှုတွင် **ချင်ရှင်း အင်ဒတ်စထရီးကုမ္ပဏီလီမိတက်**ကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ - ၁၆၂ အရ တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းရန် (၆-၅-၂၀၁၃) ရက်နေ့၌ အမိန့်ချမှတ်ခဲ့ပြီးဖြစ်၍ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးဝင်းအောင် B.Com (A.A)., C.P.A လက်မှတ်ရပြည်သူ့စာရင်းကိုင်၊ တိုက် (၂)၊ အခန်း (၅၀၁)၊ ရွှေထီးအိမ်ရာ၊ သမိုင်း (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏အမည်၊ လိပ်စာနှင့် ရရန်ရှိကြွေးမြီ (သို့မဟုတ်) ရရန်ရှိသူများနှင့်ပတ်သက်သော အကြောင်းအရာများနှင့် မိမိတို့၏ တရားလွှတ်တော်ရှေ့နေ (သို့မဟုတ်) အထက်တန်းရှေ့နေ (ရှိက) လိပ်စာကို (၉-၇-၂၀၁၃) နေ့တွင်ဖြစ်စေ၊ ထိုနေ့မတိုင်မီဖြစ်စေ ပေးပို့ရမည်။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လိုအပ်လျှင် စာဖြင့် အကြောင်းကြားပြီး ကြွေးမြီ (သို့မဟုတ်) ရရန်ရှိကို ထင်ရှားအောင်ပြသနိုင်ရန် ချိန်းဆိုသည့်အခါ လူကိုယ်တိုင်ဖြစ်စေ၊ တရား လွှတ်တော်ရှေ့နေ (သို့မဟုတ်) အထက်တန်းရှေ့နေဖြစ်စေ လာရောက်ရမည်။

ပျက်ကွက်ပါက ကြွေးမြီများပေးဆပ်ချိန်တွင် အခွင့်အရေးရရှိလိမ့်မည်မဟုတ်ကြောင်း သိစေအပ် ပါသည်။

ဦးဝင်းအောင် B.Com (A.A), C.P.A
လက်မှတ်ရပြည်သူ့စာရင်းကိုင်
တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ချင်ရှင်း အင်ဒတ်စထရီးကုမ္ပဏီလီမိတက်
(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြော်ငြာစာ

**မြေသားနည်းပညာ ကုမ္ပဏီလီမိတက်**

**SOIL TECHNICS CO., LTD.**

ဆန္ဒအလျောက် ဖျက်သိမ်းထားဆဲ

၂၀၁၃ ခုနှစ်၊ ဧပြီလ (၂၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ နောက်ဆုံးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြေသားနည်းပညာ ကုမ္ပဏီလီမိတက် (SOIL TECHNICS CO., LTD.)** အား (၂၉-၄-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးစိုးမြင့် (B.A, R.A, C.P.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့် ရရန်ရှိနှင့်ပေးရန်ရှိသည်များကို (၂၁-၇-၂၀၁၃) ရက်နေ့တွင် နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြော်ငြာပါသည်။

ဦးစိုးမြင့်
(B.A, R.A, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြော်ငြာစာ

**ရွှေမြန်မာဆုံမှတ် ကုမ္ပဏီလီမိတက်**

**GOLDEN MYANMAR FOCUS CO., LTD.**

ဆန္ဒအလျောက် ဖျက်သိမ်းထားဆဲ

၂၀၁၃ ခုနှစ်၊ ဧပြီလ (၂၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ နောက်ဆုံးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှေမြန်မာဆုံမှတ် ကုမ္ပဏီလီမိတက် (GOLDEN MYANMAR FOCUS CO., LTD.)** အား (၂၉-၄-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါ၍ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးစိုးမြင့် (B.A, R.A, C.P.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့် ရရန်ရှိနှင့်ပေးရန်ရှိသည်များကို (၂၁-၇-၂၀၁၃) ရက်နေ့တွင် နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြော်ငြာပါသည်။

ဦးစိုးမြင့်
(B.A, R.A, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၂၁-၆-၂၀၁၃။